# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္လာနေ့ အတွဲ(၆၅)၊ အမှတ်(၃၅၁)


## လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၊ MICC – 1 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်၍ MRTV HD Channel ၊ MWD HD Channel ၊ MWD Variety HD Channel ၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV NRC Channel၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM ၊ ချယ်ရီ FM ၊ FM ပုဂံ၊ မန္တလေး FM ၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ သဇင် FM နှင့် Star FM တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်



ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုကြစဉ်။

## ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၇၉ ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် (စနေနေ့)၊ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❑


## လေဖိအားနည်းရပ်ဝန်း ၄၈ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း (မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းလွန်အနီး)သို့ ရောက်ရှိခဲ့သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက် – အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ


စာမျက်နှာ ၅ ကော်လံ ၁ ✻




## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကုန်းမြင့်လယ်ယာ ဖော်ထုတ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ဂဟုန်းကျေးရွာအုပ်စု စံပြကျေးရွာတွင် ကုန်းမြင့်လယ်ယာ ဧက ၆၀ ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၈၂ အိမ်၊ လူဦးရေ ၅၇၉ ဦးတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


စိုက်ပျိုးထုတ်လုပ်မှုတည်တံ့ဖို့ ပေါင်းစပ်မြေဆီလွှာ အာဟာရဓာတ် စီမံခန့်ခွဲစို့ ဆောင်းပါး ◆ စာ ◆ ၁၀

တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ သတင်းများ ◆ စာ ◆ ၁၃

ကယ်လီဖိုးနီးယားပြည်နယ်၌ AI ကို အရေးပေါ်ပိတ်ပစ်နိုင်မည့် Kill Switch စနစ်ကို လေ့လာမည် နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄


## မကြာမီကာလတွင် 5G စနစ်များ စတင်အသုံးပြုနိုင်တော့မည်

နေပြည်တော် စက်တင်ဘာ ၂၀

မကြာမီကာလတွင် 5G စနစ်များ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က


စာမျက်နှာ ၄ ကော်လံ ၁ ●


## ညောင်တုန်းကျွန်းတာ ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဩဂုတ်လကုန်မှ စက်တင်ဘာလ တတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော တိုးမြစ်မြစ်ကမ်းပြိုခြင်း၊ ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့သော ညောင်တုန်းကျွန်းတာ တာမိုင် ၁၁/၅ မှ ၁၁/၇ အတွင်းနှင့် တာမိုင် ၁၂/၂ မှ ၁၂/၃ အတွင်း နေရာများတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့် တာခြေထောက်ခြင်းနှင့်


စာမျက်နှာ ၄ ကော်လံ ၁ ❖




## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာ့အလင်း

## နိုင်ငံ့သားကောင်းတို့ သမိုင်းမော်ကွန်း ကမ္ပည်းတင်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၆) သင်တန်းဆင်းပွဲ အခမ်းအနားများကို စက်တင်ဘာ ၁၉ ရက်က တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပခဲ့သည်။

နိုင်ငံကိုကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ကို ကောင်းစွာနားလည်ကြသည့် နိုင်ငံ့သားကောင်းလူငယ်များက ပြည်သူ့စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည်။ မိမိတို့နိုင်ငံတွင် မျက်မှောက်ကာလ ပြည်တွင်းပြည်ပအခြေအနေများအရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေး တာဝန် (၃) ရပ်တို့မှာ အရေးတကြီးထမ်းဆောင်ရန် လိုအပ်လျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် သင်တန်းသား လူငယ်များသည် စစ်သည်တော်တို့ တတ်မြောက်အပ်ရာသော ကွဲ့ခိုင်ရေး၊ စစ်ရေးပြ၊ စစ်နည်းဗျူဟာနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ယူခဲ့ကြရပြီး သင်တန်းဆင်းလာကြသည့်အခါ စစ်အတတ်ပညာများ တတ်မြောက်ရုံမျှသာမက အဖွဲ့အစည်းနှင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်ကောင်းများပါ ကိန်းအောင်း ရှင်သန်လာခဲ့ကြသည်။ သင်တန်းဆင်းလာကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များမှာ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့တွင် တာဝန်ကိုယ်စီထမ်းဆောင်နေကြပြီ ဖြစ်သည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃) မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို စက်တင်ဘာ ၁၈ ရက်က တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ကျင်းပခဲ့သည်။

ပြည်သူ့စစ်မှုထမ်း လုပ်ငန်းစဉ်ကြီးတစ်ခုလုံးသည် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်က စနစ်တကျဆောင်ရွက်ပေးခဲ့သလို သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ကြခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များလည်း ချီးမြှင့်ပေးလျက်ရှိသည်။ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်း/ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေး၊ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နိုင်ငံ့သားကောင်း ပီသစွာ ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံ့သမိုင်းတွင် ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်ရာ လေးစားစွာတန်ဖိုးထား၍ ဂုဏ်ပြုအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးအေးမင်းထွေး အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးအေးမင်းထွေး အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀ – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ၂၀ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၉ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၂၅ | ၃၉၈၀ | ၃၉၃၀ | ၃၈၄၀ | ၃၉၈၀ | ၃၉၉၅ | ၄၀၃၀ | ၃၉၁၀ | ၄၂၈၀ | ၄၃၀၅ | ၃၉၃၀ | ၄၀၅၅ | ၄၀၂၀ | ၃၉၈၀ | ၃၉၉၀ | ၄၂၂၀ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၅၅ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၉၀ | ၄၁၄၅ | ၄၁၀၅ | ၄၁၀၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၀ | ၄၃၀၀ | ၄၂၅၅ | ၄၁၆၅ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၅၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၂၃ | ၃၇၂၉ |
| 95 Ron | ၃၇၄၄ | ၃၈၅၃ |
| HSD (500 ppm) | ၃၉၅၄ | ၄၀၆၄ |
| HSD (50 ppm) | ၄၈၁၃ | ၄၉၄၀ |
| HSD (10 ppm) | ၄၈၁၃ | ၄၉၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❑ *ရွှေဖုံးမှ*

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ပူဇော်ထားရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ဘုရားကြီး ဦးသောဘိတာ ဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗဟန်းမြို့နယ် တိပိဋက မဟာဝိသုဒ္ဓါရုံကျောင်း၊ တိုက်အုပ်ဆရာတော် ဦးသီရိကစ္စနက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကျင်းပပြုလုပ်မည့် အစီအစဉ်လျာထားမှုကို ရှင်းလင်းမိန့်ကြားသည်။

## ခမ်းနားသိုက်မြိုက်စွာပူဇော်နိုင်ရေး ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်သမ္မတက လျှောက်ထားရာတွင် ယခုကဲ့သို့ ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံသာသနာ့တာဝန်များ ဆောင်ရွက်လျက်ရှိသည့် သာသနာ့အာဇာနည် ဆရာတော်ကြီးတစ်ပါး ဆုံးရှုံးရခြင်းကြောင့် နိုင်ငံတော်နှင့် ဗုဒ္ဓသာသနာတော်အတွက် ကြီးမားသည့်ဆုံးရှုံးမှုပင် ဖြစ်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းရပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင် အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပူဇော်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြမည့် ပြည်တွင်း၊ ပြည်ပမှ ရဟန်းသံဃာများ၊ ဒါယကာ၊ ဒါယိကာမများနှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေးနှင့် ဆွမ်း၊ ကွမ်းဝေယျာဝစ္စနှင့် စားသောက်တည်းခိုနေထိုင်မှုများ အဆင်ပြေစေရေး စနစ်တကျ စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပူပြင်းပြီး မိုးရွာသွန်းမှုများလည်း ရှိနေသေးသဖြင့် လာရောက်သည့် ဆရာတော်၊ သံဃာတော်များ အဆင်ပြေချောမွေ့စွာသီတင်းသုံးနိုင်ရေးနှင့် ဒါယကာ၊ ဒါယိကာမများ အဆင်ပြေစွာနေထိုင် ဖူးမြော်နိုင်ရေးတို့အတွက် ကျောင်းတိုက်အတွင်း အရိပ်အာဝါသများ ရရှိအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကော်မတီများ စနစ်တကျဖွဲ့စည်း၍ တာဝန်များ ခွဲဝေဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်းနှင့် အခြားသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးလျှောက်ထားတင်ပြသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းရာ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးစောလှိုင်က လက်ခံရယူ၍ နိုင်ငံတော်သမ္မတထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ဘုရားကြီး ဦးသောဘိတာ ဘိဝံသ ထံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ဘုရားကြီး ဦးသောဘိတာ ဘိဝံသ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘုရားကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မစာပေကျမ်းဂန်များအား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## ကြည့်ရှုပူဇော်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မ စာပေကျမ်းဂန်များအား ကြည့်ရှုပူဇော်ကြသည်။

## မြင့်မြတ်သောရဟန်းအဖြစ် ရောက်ရှိတော်မူ

အဆိုပါ ချမ်းမြေ့ရိပ်သာဆရာတော်ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပျဉ်းမကျေးရွာ၌ ခမည်းတော် ဦးဖြူမင်း၊ မယ်တော် ဒေါ်ရွှေရည်တို့က ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသ ကို ဥပဇ္ဈယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်တွင် တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တပဒုမ ကို ဥပဇ္ဈယ်ပြု၍ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်၊ ကုန်သည်ကြီး ဦးစိန်ညို-ဒေါ်လှနှစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ကြောင်း။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသ၊ မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင် ဆရာတော် ဘဒ္ဒန္တ ကောသလ္လ၊ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိ၊ အသောကာရုံ ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏဇောတိ၊ ဗာရာဏသီဆရာတော် ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ၊ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တ ဝါသဝ၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ စသောဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး **"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့၊ သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့"** တို့ကို ရရှိတော်မူခဲ့ကြောင်း။

## သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့

ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်တွင်းကြီးမြို့ တောရဗိမာန်စာသင်တိုက်တို့၌ စာသင်သား ရဟန်း၊ သာမဏေ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရကလှူဒါန်းသည့် ငွေကျပ် သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းစဉ်။

များကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက်တည်ထောင်၍ တရားဟော တရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ် စသော စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌လည်းကောင်း၊ ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ ဆရာတော်သည် နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ် ၇၀ ကျော် ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ၊ အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ရီတက္ကသိုလ်၊ ဗန်ကူးဗားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ် စသော ပြည်ပနိုင်ငံတက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း။

## ဘဝနတ်ထံ ပျံလွန်တော်မူ

ထိုကဲ့သို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ကမ္မဋ္ဌာနနယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း၊ **"သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ"** ဆိုသည့် မေတ္တာပို့ ဆုတောင်းစကားသည် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထင်ရှားသည့် လက်သုံးမေတ္တာပို့ဩဝါဒကထာဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၇၉ ဝါ၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့်ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောက်ဖုံးမှ*

ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နေပြည်တော် ကောင်စီဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် နန်နင်းမြို့ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၌ မြန်မာ - တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပိုမိုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ဒုတိယသမ္မတသည် XPENG မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီနှင့် GAC မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသို့ သွားရောက်ပြီး ကုမ္ပဏီထုတ် မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်များထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ(၂၀၂၆) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စတုတ္ထအကြိမ် ပါတီညီလာခံ (၂၀၂၆)ကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ ပါတီဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပပြီး ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။



**နိုင်ငံအကျိုးကို ဦးစားပေး**

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ကိုယ်ပိုင်အကျိုးထက် ပါတီအကျိုး၊ ပါတီအကျိုးထက် နိုင်ငံအကျိုးကို ဦးစားပေး၍ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ညီလာခံအတွင်း အစုအဖွဲ့များက စုပေါင်းပြုစုထားသည့် စာတမ်း ငါးစောင်ကို ဖတ်ကြားတင်သွင်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပါတီကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီးစီးမှု၊ ဖွဲ့စည်းနိုင်ခြင်းမရှိသေးသည့် ခရိုင်နှင့် မြို့နယ်ပါတီကော်မတီများစာရင်း၊ ဗဟိုကော်မတီဝင်နှင့် အရန်ဗဟိုကော်မတီဝင်များ စာရင်းတို့ကို အတည်ပြုသည်။

ထို့ပြင် ကြီးကြပ်မှုဗဟိုကော်မတီနှင့် ရွေးချယ်တင်မြှောက်ရေးကော်မရှင်က ပါတီဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးမြတ်ဟိန်းနှင့် ဦးသောင်းအေး၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်အောင်ချစ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ဦးအောင်စိုးနှင့် ဗဟိုအလုပ်အမှုဆောင် ၄၆ ဦးတို့ကို စိစစ်ရွေးချယ်သည်။

အခမ်းအနားသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ ပါတီဗဟိုအတိုင်ပင်ခံများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကော်မတီဝင်များ၊ အရန်ပါတီကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီကိုယ်စားပြု ညီလာခံကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်သည်။

ညီလာခံအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ တက်ရောက် လာသည့် သတင်းမီဒီယာများက ပါတီညီလာခံကျင်းပမှုနှင့် စပ်လျဉ်း၍ မေးမြန်းချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ရွှေ့ဖုံးမှ*

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟံသာဝတီရုံး၌ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် မိုဘိုင်းတယ်လီဖုန်းအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

**အဆင့်အလိုက်ဆောင်ရွက်**

ထို့ပြင် ရန်ကုန်မြို့ရှိ ရှုပ်ထွေးကေဘယ်များကို အဆင့်အလိုက်ရှင်းလင်း ဆောင်ရွက်နေသည့်လုပ်ငန်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက် သွားကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တယ်လီဖုန်းအော်ပရေတာ MyTel ရုံးတွင် ဒေတာစင်တာလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်း ကျေးရွာရှိ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ရေဒီယိုစခန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ပုဇွန်တောင်မြို့နယ် ဆက်သွယ်ရေး သင်တန်းကျောင်း၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး မြင့်မားစေရေးအတွက် နှစ်အလိုက် သင်တန်းအစီအစဉ်များ စနစ်တကျရေးဆွဲဆောင်ရွက်မှု၊ လက်တွေ့လေ့ကျင့်သည့် စက်ပစ္စည်းများ၊ သင်တန်းတွင် ဒီဂျစ်တယ်အွန်လိုင်းနည်းပညာများဖြင့် သင်ကြားပို့ချမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဗဟိုပစ္စည်းသိုလှောင်ရေးစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိရေး၊ ဖြန့်ဖြူးပို့ဆောင်သုံးစွဲရေးတို့နှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❖ *ညောင်တုန်းကျွန်းတာမှ*

ယာယီပန်းတာတည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လူအင်အား၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သံမဏိကြိုးဆိုင်းရေကာဆောင်ရွက်မှု၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ထားရှိမှု၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်းနှင့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုးမြစ်တစ်လျှောက် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ သဲသောင်များဖြစ်ပေါ်နေမှုနှင့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူက ချောင်းကြီးဘက်ကမ်းရင်းကပ်၍ ရေစီးဆင်းနေမှုကို ရေလမ်းကြောင်းလွှဲစေရန်နှင့် လတ်တလော ရေထုထည် စီးဆင်းစေရန် ကျွန်းဖြတ်သောင်တူးလိုင်း တူးဖော်ခြင်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်မှ စတင်ကာ Backhoe Dredger ဖြင့် တူးလိုင်းအောက်ဘက်တွင် အလျား ၁၀၀ မီတာနှင့် အလယ်တွင် အလျား မီတာ ၃၃၀၊ အကျယ် ၁၅ မီတာနှင့် ရေအနက် ၄ မီတာ တူးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အထက်ဘက်၌ စတင်တူးဖော်ခဲ့ရာ အလျား မီတာ ၆၀ ပြီးစီးခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် Backhoe နှစ်စီးဖြင့် သောင်တူးလိုင်းတစ်လျှောက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ Backhoe သုံးစီး အားဖြည့်ကာ ရေစီးလမ်းကြောင်း အမြန်ပြောင်းရန် သောင်တူးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ရေရှည်သောင်တူးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက တိုးမြစ် ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လက်ရှိ တိုးမြစ်မြစ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားမှုများပေါ် အရေးပေါ်ကာကွယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်အဖွဲ့ဝင်များ၊ ရပ်ရွာအများပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေဘေးအန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်



**မြောင်းမြ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယနေ့တွင်မြောင်းမြမြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို တင်ပြခြင်း၊ အသင်းစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အသင်းစု၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်များ ရွေးချယ်ခြင်း၊ ကတိသစ္စာခံယူခြင်း၊ ရွေးချယ်ခံရသည့် အသင်းစုဥက္ကဋ္ဌအသစ်က မိတ်ဆက်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

ရတနာသစ်တော၊
ပြည့်သွေးကြော။
သစ်တောရတနာ
ထိန်းသိမ်းပါ

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အကြိမ်(၂၀)မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. JO Hee–de ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt Seoul ဟိုတယ်၌ ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀) မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသည် အာရှ–ပစိဖိတ်ဒေသ၏ တရားစီရင်ရေးမဏ္ဍိုင်အကြီးအကဲများ စုစည်းတွေ့ဆုံပြီး နိုင်ငံအသီးသီး၏ တရားစီရင်ရေးစနစ်များနှင့် တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမြင်များကို ဖလှယ်ခြင်းဖြင့် အပြန်အလှန် နားလည်မှုကို မြှင့်တင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန်နှင့် ဒေသတွင်း နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းလမ်းများကို ဖော်ထုတ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ပီနန်မြို့၌ ပထမအကြိမ် အစည်းအဝေးအဖြစ် ၁၉၈၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အချိန်မှစ၍ အာရှ–ပစိဖိတ်ဒေသအတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ခိုင်မာသော အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကိုရီးယားနိုင်ငံ တရားလွှတ်တော်ချုပ်သည် ယခင် ၁၉၉၉ ခုနှစ်တွင် (၈)ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၁ ခုနှစ်တွင် (၁၄)ကြိမ်မြောက် အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ပြီး ယခုတစ်ဖန်၌နိုင်ငံတကာ အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ကာ ဆိုးလ်မြို့သည် (၃)ကြိမ်မြောက် အိမ်ရှင်အဖြစ် ကျင်းပခဲ့သော ပထမဆုံးမြို့ဖြစ်လာခဲ့ပြီး နိုင်ငံတကာအစည်းအဝေးများ၏သမိုင်းတွင် မှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့သည်။

ညီလာခံကို ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်နှင့် LAWASIA တို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ Grand Hyatt Seoul ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတကာမှ တရားစီရင်ရေးနယ်ပယ်ပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ဖွဲ့တို့မှ တရားသူကြီးချုပ်များ အပါအဝင် ကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။




အဆိုပါညီလာခံ တက်ရောက်လာကြသော တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များက တရားစီရင်ရေးနှင့် ဆက်နွယ်သော ဘာသာရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ညီလာခံသို့တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် တရားစီရင်ရေးဆိုင်ရာ အကြောင်းအရာများဖြစ်သည့် တရားစီရင်ရေးတွင် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုမှု၊ တရားစီရင်ရေးဆိုင်ရာ ပညာရေး၏ အရေးပါပုံ၊ မီဒီယာနှင့် ထိတွေ့ဆက်ဆံခြင်း၊ တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှုမြှင့်တင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကိုကာကွယ်ခြင်း စသည့် အကြောင်းအရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

ညီလာခံ ကာလအတွင်း စက်တင်ဘာ ၁၆ ရက်တွင် UNCITRAL တည်ထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ညီလာခံနှင့် LAWASIA မျက်နှာစုံညီအစည်းအဝေး၊ OECD နံနက်စာအစီအစဉ်၊ SIFOCC နှင့် SIFOCC ပံ့ပိုးကူညီရေးအဖွဲ့၏ မွန်းလွဲပိုင်းအစီအစဉ်၊ စက်တင်ဘာ ၁၈ ရက်တွင် UNIDROIT တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Networking Breakfast အစီအစဉ်တို့ကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ညီလာခံတက်ရောက်စဉ်ကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်၏ ကွန်ပျူတာနှင့် သတင်းအချက်အလက်စင်တာနှင့် သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ကိုရီးယားစစ်ပွဲအထိမ်းအမှတ်ပြတိုက် (War Memorial of Korea) တို့ကို သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## System Breakdown ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်**

- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစနစ် ပိုမိုကြံ့ခိုင်လာစေရေး အားဖြည့်တည်ဆောက်နေစဉ်အတွင်းမှာပင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်စေရန်အတွက် တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါသည်။
- ယနေ့အချိန်တွင် အချို့သော မဟာဓာတ်အားလိုင်းကြီးများ ဖျက်ဆီးခံထားရချိန်ဖြစ်သဖြင့် ကျန်ရှိနေသော ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများကို ဆတိုး၍ သယ်ဆောင်ထားနေရသည့် အခြေအနေဖြစ်ပါသည်။
- ယင်းသို့ ဝန်ပိုများကို ကြာရှည်စွာ သယ်ဆောင်ထားရသည်နှင့် အမျှ ဝန်သယ်ကြိုးများတွင် ဒဏ်ဖြစ်ပေါ်လာပြီး ဝန်သယ်နိုင်အား လျော့ကျလာလျက်ရှိပါသည်။
- ပို၍ဆိုးသည်မှာ ဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်လျှောက် မိုးကြိုးလျှပ်စစ်အန္တရာယ်မှ အကာအကွယ်ရရှိနိုင်ရန်အတွက် တာဝါတိုင်များတွင် တပ်ဆင်ထားသည့် မြေစိုက်ကြိုး(Earth Wire)များကို ဖြတ်၍ခိုးယူခြင်း၊ တာဝါတိုင်အခြေမှ သံပေါင်များ၊ ဘို့နပ်များကိုဖြုတ်၍ ခိုးယူခြင်းများကြောင့် ဓာတ်အားစနစ်သည် မိုးကြိုးလျှပ်စီးဒဏ်မှ အကာအကွယ်မဲ့သွားပြီး ဝန်သယ်ကြိုးများတွင် ဒဏ်များပိုမိုဖြစ်ပေါ်လာ၍ ပြတ်ကျခြင်း၊ တာဝါတိုင်များသည် ကြံ့ခိုင်မှုအားနည်းသွားပြီး အလိုအလျောက်(သို့မဟုတ်) သာမန်လေပြင်းတိုက်ရုံမျှဖြင့် ပြိုလဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။



ဖြတ်၍ခိုးယူခံထားရသည်ကို တွေ့ရစဉ်။



သံပေါင်များ၊ ဘို့နပ်များ ခိုးယူခြင်းမခံရစေရန်အတွက် ဂဟေဆော်၍ တွဲဆက်နေရစဉ်။

- ထို့အပြင် ဘို့နပ်များကို ဖြုတ်ယူနိုင်ခြင်း မရှိစေရန်အတွက် အချို့နေရာများတွင် လျှပ်စစ်ဂဟေဖြင့်ဆက်၍ ဆောင်ရွက်နေရခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ယင်းနေရာတွင် သံချေးစား၍ တာဝါတိုင်ကျိုးပြတ်ခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။
- ယင်းဖြစ်စဉ်များသည် နိုင်ငံတော်ဓာတ်အားစနစ်၏ အနှောင့်အယှက်၊ အဖျက်အဆီးများဖြစ်ပြီး ဓာတ်အားစနစ်တစ်လျှောက် မကြာခဏအပြစ်ဖြစ်ပေါ်၍ နေရာဒေသအလျောက် ဓာတ်အားပြတ်တောက်ခြင်း၊ အချို့အချိန်များတွင် တစ်နိုင်ငံလုံးဓာတ်အားပြတ်တောက်၍ System Breakdown ဖြစ်ခြင်းတို့၏ အဓိကအကြောင်းတရားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- System Breakdown ဖြစ်ပေါ်သည်နှင့် ဝန်ထမ်းများသည် အချိန်ကာလ၊ နေရာဒေသမရွေး ချက်ချင်းအပြစ်ရှာဖွေ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အမြန်ဆုံးလျှပ်စစ်ဓာတ်အားပြန်လည်ရရှိသည့်နေရာမှာ မိနစ် ၃၀ ကြာမြင့်ပြီး အချို့နေရာဒေသများတွင် ၅ နာရီခန့် ကြာမြင့်သည်ဖြစ်ရာ နိုင်ငံတော်တွင် ကြီးမားသောနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။
- သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါရန်နှင့် နှောင့်ယှက်ဖျက်ဆီးသူများကို ဖော်ထုတ်သတင်းပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**


***※ ရှေ့ဖုံးမှ***

၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှ စက်တင်ဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# သန့်ရှင်းသောအိမ်သာမှ ကျန်းမာသောအနာဂတ်သို့

## ကျောင်းသားများ၏ ကျန်းမာရေး၊ အာဟာရနှင့် ပညာသင်ယူခွင့်အတွက် WASH in Schools ကို ဦးစားပေးကြပါစို့

❒ **အာရှဒေသတွင် WASH ကို ကျောင်းကျန်းမာရေးနှင့် ပညာရေးတိုးတက်မှုတို့နှင့် ပေါင်းစပ်ဆောင်ရွက်သည့် အတွေ့အကြုံများ ရှိနေပြီဖြစ်သည်။ GIZ နှင့် SEAMEO INNOTECH တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် Fit for School အစီအစဉ်သည် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် ဖိလစ်ပိုင်တို့အပါအဝင် အာရှနိုင်ငံများတွင် ကျောင်းသားများ၏ ကျန်းမာရေးနှင့် သင်ယူမှုပတ်ဝန်းကျင်တိုးတက်စေရန် WASH ကို အကြီးစားအကောင်အထည်ဖော်နိုင်ရေး အထောက်အပံ့ပြုခဲ့သည်**

ဉာဏ်သစ် (မန်းတက္ကသိုလ်)

**ကျောင်းကောင်းတစ်ကျောင်း၏ အခြေခံစံနှုန်း**

ကျောင်းတစ်ကျောင်း၏ အရည်အသွေးကို စာသင်ခန်း၊ သင်ရိုးညွှန်းတမ်းနှင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးများဖြင့်သာတိုင်းတာ၍ မရနိုင်ပါ။ ကျောင်းသားများ နေ့စဉ်သင်ယူနေသည့် ပတ်ဝန်းကျင်သည် သန့်ရှင်း၊ လုံခြုံ၊ ကျန်းမာပြီး လူ့ဂုဏ်သိက္ခာကို လေးစားသောနေရာဖြစ် မဖြစ်သည်လည်း အရေးကြီးသည်။

ထိုအခြေအနေတွင် **ရေ၊ အိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး – Water, Sanitation and Hygiene (WASH)** သည် ပညာရေးကဏ္ဍ၏ အပြင်ဘက်တွင်ရှိသော ကျန်းမာရေးလုပ်ငန်းတစ်ခု မဟုတ်ဘဲ ကျောင်းသားများ သင်ယူနိုင်ရေးအတွက် အခြေခံ အဆောက်အအုံတစ်ရပ်ဖြစ်လာသည်။ UNICEF နှင့် WHO ၏ ၂၀၂၄ ခုနှစ် WASH in Schools အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိကျောင်းများ၏ ၂၃ ရာခိုင်နှုန်းတွင် အခြေခံသောက်သုံးရေဝန်ဆောင်မှုမရှိသေးသကဲ့သို့ ၂၂ ရာခိုင်နှုန်းတွင် အခြေခံအိမ်သာဝန်ဆောင်မှုနှင့် ၃၃ ရာခိုင်နှုန်းတွင် အခြေခံလက်ဆေးသန့်ရှင်းရေးဝန်ဆောင်မှုမပြည့်မီသေးပါ။ ထို့ကြောင့် ကလေးသန်းပေါင်းများစွာ၏ ကျန်းမာရေးနှင့် သင်ယူမှုသည် ကျောင်းပတ်ဝန်းကျင်ရှိ WASH အခြေအနေများနှင့် ဆက်စပ်နေဆဲဖြစ်သည်။

အိမ်သာတစ်လုံးသည် အဆောက်အအုံငယ်တစ်ခုသာ ဖြစ်နိုင်သော်လည်း ယင်း၏နောက်ကွယ်တွင် **ကျန်းမာရေး၊ အာဟာရ၊ ကျောင်းတက်ရောက်မှု၊ လူ့ဂုဏ်သိက္ခာ၊ ကျား/မ တန်းတူညီမျှမှုနှင့် ပညာရေးအရည်အသွေး**တို့ ရှိနေသည်။ ထို့ကြောင့် "ကျောင်းအိမ်သာ" ကို ကျောင်းအဆောက်အအုံ၏ နောက်ဘက်ထောင့်တွင် ထားရှိရမည့်အရာတစ်ခု အဖြစ်သာမဟုတ်ဘဲ ကျောင်းအရည်အသွေး၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ်မြင်ရန် လိုအပ်သည်။

**ရောဂါကာကွယ်ရေးမှ အာဟာရဖွံ့ဖြိုးရေးအထိ**

မသန့်ရှင်းသော အိမ်သာ၊ ညစ်ညမ်းသောရေ၊ ဆပ်ပြာမရှိသော လက်ဆေးနေရာနှင့် စနစ်တကျ စီမံမထားသော အညစ်အကြေးများသည် ကူးစက်ရောဂါများပျံ့နှံ့ရန် အခွင့်အလမ်းကို မြင့်တက်စေသည်။ အထူးသဖြင့် မစင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများသည် ရေ၊ အစားအစာ၊ လက်နှင့် ပတ်ဝန်းကျင်မှတစ်ဆင့် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သည်။

WHO ၏ အချက်အလက်များအရ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကလေးများ၏ အာဟာရ အခြေအနေကို ထိခိုက်စေနိုင်သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်စဉ် တစ်ခုစီသည် ခန္ဓာကိုယ်မှ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးစေသည့်အပြင် အာဟာရ အခြေအနေကို ပိုမိုဆိုးရွားစေနိုင်သောကြောင့် ရောဂါနှင့် အာဟာရချို့တဲ့မှုသည် အပြန်အလှန် ဆက်စပ်နေသော စက်ဝန်းတစ်ခု ဖြစ်လာနိုင်သည်။

ထို့ကြောင့် ကျောင်းအာဟာရအစီအစဉ်တစ်ခု အောင်မြင်ရန် အာဟာရရှိသော အစားအစာပေးရုံနှင့် မလုံလောက်ပါ။ ကလေးစားသုံးသည့်အစားအစာမှ အာဟာရဓာတ်များကို ကောင်းစွာအသုံးချနိုင်ရန် ကျန်းမာရေးနှင့် သန့်ရှင်းရေးပတ်ဝန်းကျင်ကောင်းလည်း လိုအပ်သည်။ **အာဟာရကောင်းမွန်သော အစားအစာနှင့် သန့်ရှင်းသောပတ်ဝန်းကျင်သည် တစ်ခုနှင့်တစ်ခု ဖြည့်စွက်ပေးရမည့် အခြေခံနှစ်ရပ်**ဖြစ်သည်။

**သန့်ရှင်းသောအိမ်သာသည်**
**သင်ယူမှုအတွက်လည်း အရေးကြီးသည်**

ကလေးတစ်ဦးသည် ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း သို့မဟုတ် ကျောင်းအိမ်သာကို အသုံးပြုရန် မလုံခြုံဟု ခံစားနေရပါက စာသင်ခန်းအတွင်း သင်ခန်းစာကို အပြည့်အဝ အာရုံစိုက်နိုင်ရန် ခက်ခဲမည်ဖြစ်သည်။

UNICEF ကလည်း ကျောင်းတွင် သန့်ရှင်းသော ရေ၊ အိမ်သာနှင့် ဆပ်ပြာရရှိခြင်းသည် ကျန်းမာသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး ကလေးများ၏ကျန်းမာရေး၊ သင်ယူမှုနှင့် လူ့ဂုဏ်သိက္ခာတို့ကို အထောက်အကူပြုကြောင်း ဖော်ပြထားသည်။ ထို့အပြင်ကျောင်းတွင် သင်ကြားပေးသော လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထများသည် အိမ်နှင့်ရပ်ရွာသို့ပါ ပြန်လည်သက်ရောက်နိုင်သည်။

ထို့ကြောင့် WASH သည် **"အိမ်သာဆောက်ခြင်း"** သက်သက်မဟုတ်ပါ။ **"သန့်ရှင်းသော အလေ့အထကို သင်ကြားခြင်း၊ လက်တွေ့ကျင့်သုံးစေခြင်းနှင့် နေ့စဉ်ကျောင်းဘဝ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းခြင်း"** ဖြစ်သည်။

**မိန်းကလေးများအတွက် အိမ်သာသည်**
**ဂုဏ်သိက္ခာနှင့် ပညာသင်ယူခွင့်ဖြစ်သည်**

ကျောင်းအိမ်သာ၏အရေးပါမှုကို ဆွေးနွေးရာတွင် မိန်းကလေးများ၏ လိုအပ်ချက်ကို အထူးအလေးထားရန် လိုအပ်သည်။ ကျား/မ သီးခြားမဟုတ်သော၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုမရှိသော သို့မဟုတ် ရေမရရှိသော အိမ်သာများသည် အထူးသဖြင့် ရာသီလာချိန်တွင် မိန်းကလေးများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ပိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်စေနိုင်သည်။

WHO နှင့် UNICEF ၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းရှိ ကျောင်းများ၏ ၃၉ ရာခိုင်နှုန်းသာ ရာသီကျန်းမာရေးဆိုင်ရာ ပညာပေးမှုများပေးနိုင်ကြောင်းနှင့် မိန်းကလေးများ၏အိမ်သာများတွင် ရာသီသုံးပစ္စည်းစွန့်ပစ်ရန် အမှိုက်ပုံးရှိသည့် ကျောင်းမှာ ၃၁ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် မိန်းကလေးများအတွက် ကျောင်းအိမ်သာကောင်းတစ်ခုဆိုသည်မှာ တံခါးနှင့်နံရံရှိရုံဖြင့်မပြည့်စုံပါ။ သီးခြားဖြစ်ခြင်း၊ လုံခြုံခြင်း၊ ရေရရှိခြင်း၊ ဆပ်ပြာရှိခြင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုရှိခြင်းနှင့် ရာသီကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်ရရှိခြင်းတို့ ပါဝင်မှသာ မိန်းကလေးများ၏ ဂုဏ်သိက္ခာနှင့် ပညာသင်ယူခွင့်ကို အမှန်တကယ် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**မသန်စွမ်းကလေးများကို မချန်ထားသော WASH**

ကျောင်းအိမ်သာများ တည်ဆောက်ရာတွင် "အများစုအတွက် အဆင်ပြေခြင်း" တစ်ခုတည်းကို စံမထားသင့်ပါ။ မသန်စွမ်းကျောင်းသားများအတွက်လည်း လွယ်ကူစွာ ဝင်ထွက်အသုံးပြုနိုင်သော ဒီဇိုင်းများ၊ သင့်လျော်သောအမြင့်နှင့် လက်ကိုင်များ၊ လုံခြုံသော လမ်းကြောင်းများနှင့် လိုအပ်သည့် အထောက်အကူပြုစနစ်များ ထည့်သွင်းစဉ်းစားရမည်။

WHO နှင့် UNICEF တို့ကလည်း disability-accessible WASH ကို အားလုံးပါဝင်နိုင်သော ပညာရေးအတွက် အရေးကြီးသည့် အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားသည်။ သို့သော် နိုင်ငံအများအပြားတွင် မသန်စွမ်းသူများအတွက် WASH ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များကို လုံလောက်စွာ တိုင်းတာမှတ်တမ်းတင်နိုင်ခြင်း မရှိသေးကြောင်းလည်း တွေ့ရသည်။

ထို့ကြောင့် **"No Child Left Behind"** ဆိုသည့် အခြေခံသဘောတရားသည် ကျောင်းအိမ်သာဒီဇိုင်းတွင်လည်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။

**အာဆီယံဒေသမှ သင်ယူနိုင်သည့် အတွေ့အကြုံ**

အာရှဒေသတွင် WASH ကိုကျောင်းကျန်းမာရေးနှင့် ပညာရေးတိုးတက်မှုတို့နှင့် ပေါင်းစပ်ဆောင်ရွက်သည့် အတွေ့အကြုံများ ရှိနေပြီဖြစ်သည်။ GIZ နှင့် SEAMEO INNOTECH တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် Fit for School အစီအစဉ်သည် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် ဖိလစ်ပိုင်တို့အပါအဝင် အာရှနိုင်ငံများတွင် ကျောင်းသားများ၏ ကျန်းမာရေးနှင့် သင်ယူမှုပတ်ဝန်းကျင် တိုးတက်စေရန် WASH ကို အကြီးစားအကောင်အထည်ဖော်နိုင်ရေး အထောက်အပံ့ပြုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ WASH in Schools (WinS) အစီအစဉ်သည် အထူးသဖြင့် သင်ခန်းစာယူစရာကောင်းသည်။ ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့သော မူဝါဒသည် ရေ၊ အိမ်သာ၊ လက်ဆေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရာသီသန့်ရှင်းရေး၊ သန့်ချဆေးနှင့် ကျန်းမာရေး ပညာပေးခြင်းတို့ကို ပေါင်းစပ်ထားသည်။ ထို့အပြင် Three-Star Approach ဖြင့် ကျောင်းတစ်ကျောင်းချင်းစီ၏ လက်ရှိအခြေအနေကို တိုင်းတာပြီး တစ်ဆင့်ချင်းစီ အမျိုးသားစံနှုန်းသို့ တိုးတက်လာစေရန် စီမံထားသည်။

ဤစနစ်၏ အရေးကြီးဆုံးသင်ခန်းစာမှာ **"တစ်ကြိမ်တည်း အဆောက်အအုံ တည်ဆောက်ပြီး ပြီးဆုံးခြင်း"** မဟုတ်ဘဲ **"တိုင်းတာခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ် တိုးတက်စေခြင်း"** ဖြစ်သည်။ ဖိလစ်ပိုင်၏ WinS စောင့်ကြည့်လေ့လာမှုများတွင်လည်း အချိန်နှင့်အမျှ တိုးတက်မှုများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ဥပမာ ၂၀၁၇-၂၀၁၈ မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်များအတွင်း အမျိုးသားစံနှုန်းနှင့် ကိုက်ညီသော ကျောင်းများ၏ အချိုးအစားသည် ၉ ရာခိုင်နှုန်းမှ ၂၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ဖိလစ်ပိုင်ပညာရေးဌာနက ဖော်ပြထားသည်။

ထိုအတွေ့အကြုံက မြန်မာနိုင်ငံအတွက်လည်း အရေးကြီးသော သင်ခန်းစာတစ်ရပ်ဖြစ်ပေသည်။ အဆောက်အအုံအရေအတွက်ကိုသာ မတိုင်းတာဘဲ အသုံးပြုနိုင်မှု၊ သန့်ရှင်းမှု၊ ရေရရှိမှု၊ ဆပ်ပြာရရှိမှု၊ ကျား/မ သီးခြားဖြစ်မှု၊ မသန်စွမ်းသူများ အသုံးပြုနိုင်မှုနှင့် ပုံမှန်ထိန်းသိမ်းမှုကိုပါ တိုင်းတာရန် လိုအပ်သည်။

**မြန်မာနိုင်ငံ၏ အခြေအနေ – အောင်မြင်မှုနှင့်**
**လိုအပ်ချက်များကို တစ်ပြိုင်နက်မြင်ရန်**

မြန်မာနိုင်ငံတွင်လည်း WASH in Schools ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများရှိသည်။ ကျောင်းများတွင် ရေ၊ သက်သောင့်သက်သာ အသုံးပြုနိုင်သော အိမ်သာနှင့် လက်ဆေးနေရာများရရှိလာခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ နေ့စဉ်ဘဝအပေါ် အကျိုးရှိစေခဲ့သည့် အတွေ့အကြုံများကို ဖော်ပြထားသည်။

**မြန်မာ့ကျောင်းများအတွက်**
**လက်တွေ့ကျသော ဦးတည်ချက်များ**

ရှေ့ဆက်ဆောင်ရွက်ရာတွင် **"ကျောင်းအိမ်သာများ ပိုမိုဆောက်လုပ်ရန်"** ဆိုသည့် ရည်မှန်းချက်တစ်ခုတည်းထက် ပိုမိုကျယ်ပြန့်သော **School WASH Quality Framework** တစ်ရပ်ကို အခြေခံ၍ ဆောင်ရွက်သင့်သည်။

ပထမအနေဖြင့် **ရေကို** အခြေခံရမည်။ သောက်သုံးရန်နှင့် လက်ဆေးရန် လုံလောက်သော ရေကို ရာသီမရွေး ရရှိနိုင်ရေး စီမံရမည်။

ဒုတိယအနေဖြင့် အသုံးပြုနိုင်ပြီး သန့်ရှင်းသော အိမ်သာဖြစ်ရမည်။ ဆောက်လုပ်ပြီးနောက် ပျက်စီးနေခြင်း၊ ရေမရှိခြင်း သို့မဟုတ် သော့ခတ်ထားခြင်းမျိုး မဖြစ်သင့်ပါ။

တတိယအနေဖြင့် ဆပ်ပြာနှင့် လက်ဆေးခြင်းကို နေ့စဉ်ကျောင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းရမည်။

စတုတ္ထအနေဖြင့် ကျား/မ သီးခြား၊ လုံခြုံပြီး ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ရှိသော အိမ်သာဖြစ်ရမည်။

ပဉ္စမအနေဖြင့် မသန်စွမ်းကလေးများအတွက် လက်လှမ်းမီအသုံးပြုနိုင်သော ဒီဇိုင်းဖြစ်ရမည်။

ဆဋ္ဌမအနေဖြင့် အိမ်သာသန့်ရှင်းရေးနှင့် ထိန်းသိမ်းရေးအတွက် တာဝန်ရှိသူ၊ ဘတ်ဂျက်နှင့် ပုံမှန်စောင့်ကြည့်မှုရှိရမည်။

သတ္တမအနေဖြင့် ကျောင်းသားများကိုယ်တိုင် ပါဝင်ရမည်။ လက်ဆေးခြင်း၊ အိမ်သာကို စနစ်တကျအသုံးပြုခြင်း၊ အမှိုက်စီမံခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို စာသင်ခန်းထဲတွင် သင်ယူရုံသာမက နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးစေရမည်။

အရေးကြီးဆုံးအချက်မှာ **"Build – Use – Maintain – Monitor – Improve"** ဆိုသည့် စက်ဝိုင်းကို ကျောင်းတိုင်းတွင် *စာမျက်နှာ ၇ သို့*

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ မော်စကိုမြို့၌ မဲရုံများအား ကြည့်ရှုလေ့လာ

**မော်စကို စက်တင်ဘာ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်သူ ကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော ဒူးမားလွှတ်တော် ရွေးကောက်ပွဲ ပြုလုပ်သည့်မဲရုံများထဲမှ မော်စကိုမြို့ အာဘတ်မြို့နယ် အနုပညာရှင်များစုဝေးရာ ကဇာတ်ရုံ၌ ပြုလုပ်သည့် မဲရုံ၊ ဟာမောဗညီးကီးမြို့နယ် သိပ္ပံပညာရှင်များဆုံစည်းရာအိမ်၌ ပြုလုပ်သည့်မဲရုံ၊ ယာကီမန်းကာမြို့နယ် အစိုးရစုပေါင်းရုံး (Government one stop services) ၌ ပြုလုပ်သည့် မဲရုံ၊ အာချာကောဗာမြို့နယ် ဈေးဝယ်စင်တာနှင့် အနားယူအပန်းဖြေရာ၌ ပြုလုပ်ထားသော မဲရုံနှင့် ဒါရာဂါမီးလာဗာမြို့နယ် ယီဗရောပြစကီးယီကုန်တိုက်ရှိ အစိုးရစုပေါင်းရုံး(Government one stop services) ၌ ပြုလုပ်သည့် မဲရုံငါးရုံသို့ သွားရောက်လေ့လာကြသည်။

လေ့လာခဲ့သော မဲရုံများတွင် မဲဆန္ဒရှင်အရေအတွက် ၃၀၀၀ ကျော်မှ ၈၀၀၀ ကျော်အထိ မဲစာရင်းရှိပြီး မဲပေးနိုင်သည့်နည်းလမ်း လေးမျိုးရှိကြောင်း၊ ယင်းတို့မှာ မဲရုံတွင် မဲစာရွက်ဖြင့် မဲပေးခြင်း၊ မဲရုံတွင် စက်ဖြင့် မဲပေးခြင်း၊ online မှတစ်ဆင့် ဂေါ့စလူးဂီး (gosuslugi) အက်ပလီကေးရှင်းဖြင့် မဲပေးခြင်း၊ မကျန်းမာသူနှင့် သက်ကြီး ရွယ်အိုများအတွက် အိမ်တိုင်ရာရောက် မဲစာရွက်ဖြင့် မဲပေးခြင်း၊ မကျန်းမာသူနှင့် သက်ကြီး ရွယ်အိုများအတွက် အိမ်တိုင်ရာရောက် စက်ဖြင့်မဲပေးခြင်းတို့ဖြစ်ကြောင်း သိရသည်။

မဲပေးကြသူ အများစုမှာ အွန်လိုင်း အက်ပလီကေးရှင်းမှတစ်ဆင့် မဲပေးကြပြီး မဲရုံသို့ လာရောက် မဲပေးကြသူများထဲမှ အများစုသည် မဲရုံတွင် အီလက်ထရောစနစ်ဖြင့် မဲပေးကြသည်။

မဲစာရွက်ဖြင့် မဲပေးသူအများစုမှာ သက်ကြီးရွယ်အိုများ အများစုဖြစ်သော်လည်း တချို့မဲရုံများတွင် စာရွက်ဖြင့်သာ မဲပေးလို၍ တန်းစီနေကြသူများလည်း ရှိကြောင်း တွေ့ရှိရသည်။

မကျန်းမာသူများ မဲရုံသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအနေဖြင့် ဖုန်းဆက်၍ အိမ်မှ မဲပေးနိုင်သည်။



မဲရုံသို့ ဖုန်းဆက်လာပါက မိုဘိုင်းမဲပုံးနှင့် မိုဘိုင်းမဲပေးစက်တို့ဖြင့် မဲရုံဝန်ထမ်းတစ်ဦးနှင့် ပါတီသို့ အမတ်လောင်းများ၏ စောင့်ကြည့်သူတို့ ပါဝင်သောအဖွဲ့က မဲပေးမည့်သူထံ သွားရောက်၍ မဲရယူသည်။

မဲရုံများတွင် နိုင်ငံတကာမှ လာရောက်လေ့လာသူများ၊ ပါတီနှင့် အမတ်လောင်းတို့၏ စောင့်ကြည့်သူများ၊ မဲပေးသူများကို တွေ့ရှိရပြီး မဲရုံအများစုတွင် မဲပေးမည့် လူစုလူဝေးကို သိပ်မတွေ့ရကြောင်း၊ မဲရုံမှူးများက ရှင်းပြရာတွင် မဲပေးရက်ရှည်ခြင်း၊ အွန်လိုင်းမှ မဲပေးနိုင်ခြင်း၊ မဲပေးစက်များ လုံလုံလောက်လောက် စီစဉ်ပေးထားခြင်းတို့ကြောင့် လူစုပြုမနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

**မအူပင် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့နယ်သမဝါယမ အသင်းစုလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်သမဝါယမအသင်းစု လီမိတက် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမ အသင်းစုလီမိတက်ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့တင်သွင်းသည့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား ရှင်းလင်းဖတ်ကြားတင်ပြပြီး ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို အတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်များ နုတ်ထွက်ကြောင်းကြေညာခြင်းနှင့် အမှုဆောင်သစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းများဆောင်ရွက်သည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တွံတေးမြို့နယ် အိုင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**တွံတေး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အိုင်ကြီးကျေးရွာသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပရာ တွံတေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးက မြစိမ်းရောင် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လက်ခံရယူခဲ့သည်။

ဘုန်းမြတ်



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

*စာမျက်နှာ ၆ မှ*

တည်ဆောက်ရန်ဖြစ်သည်။ ဆောက်လုပ်ခြင်းသည် အစဖြစ်ပြီး ထိန်းသိမ်းအသုံးပြုခြင်းနှင့် အရည်အသွေးတိုးတက်အောင် ပြုလုပ်ခြင်းကသာ ရေရှည်အောင်မြင်မှုဖြစ်စေမည်။

**ကျောင်း၊ မိဘနှင့် ရပ်ရွာ - တစ်နေရာတည်းတွင် ပေါင်းစည်းရမည့်အင်အား**

ကျောင်းများ၏ WASH Programme သည် ပညာရေးဝန်ကြီးဌာန သို့မဟုတ် ကျောင်းတစ်ကျောင်း၏ တာဝန်တစ်ခုတည်းမဟုတ်ပါ။ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက စီမံခန့်ခွဲရမည်။ ကျောင်းသားများက လက်တွေ့ကျင့်သုံးရမည်။ မိဘများက အိမ်တွင် ဆက်လက်အားပေးရမည်။ ရပ်ရွာက ထိန်းသိမ်းစောင့်ရှောက်မှုတွင် ပါဝင်ရမည်။ သက်ဆိုင်ရာ ကျန်းမာရေးနှင့် စည်ပင်သာယာရေးကဏ္ဍများက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးရမည်။

ထို့အပြင် အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် အဆောက်အအုံ တည်ဆောက်ပေးခြင်းထက် ရေရှည်ထိန်းသိမ်းနိုင်သည့်စနစ်တစ်ခု တည်ဆောက်ပေးခြင်းကို ပိုမိုအာရုံစိုက်သင့်သည်။

ကျောင်းတစ်ကျောင်းတွင် အိမ်သာအသစ်တစ်လုံး တည်ဆောက်ပေးခြင်းသည် ကောင်းမွန်သော လုပ်ဆောင်ချက်ဖြစ်သော်လည်း ထိုအိမ်သာကို ငါးနှစ်၊ ၁၀ နှစ်အကြာတွင်လည်း သန့်ရှင်းစွာ အသုံးပြုနိုင်ရန် စီမံနိုင်ခြင်းက ပို၍အရေးကြီးသည်။

**အိမ်သာတစ်လုံး၏ တံခါးနောက်ကွယ်တွင် အနာဂတ်တစ်ခုရှိသည်**

ကျောင်းအိမ်သာကို သေးငယ်သော အဆောက်အအုံတစ်ခုအဖြစ်သာမြင်လျှင် ယင်း၏တန်ဖိုးကို လျှော့တွက်မိနိုင်သည်။ အမှန်တကယ်တွင် သန့်ရှင်းသော အိမ်သာတစ်ခုသည် ရောဂါကာကွယ်ပေးနိုင်သည်။ လက်ဆေးရန်နေရာတစ်ခုသည် ကူးစက်ရောဂါအန္တရာယ်ကို လျှော့ချပေးနိုင်သည်။ လုံလောက်သောရေသည် ကျောင်းသားများ၏ ကျန်းမာရေးနှင့် သင်ယူမှုကို အထောက်အကူပြုနိုင်သည်။ လုံခြုံပြီးသီးခြားအိမ်သာ တစ်ခုသည် မိန်းကလေးတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ပညာသင်ယူခွင့်ကို ကာကွယ်ပေးနိုင်သည်။

ထို့ကြောင့် WASH သည် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယနေ့ ကျောင်းသားတစ်ဦး၏ ကျန်းမာရေးကို ကာကွယ်ပေးခြင်းသည် မနက်ဖြန် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို ကာကွယ်ပေးခြင်းပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ၂၀၂၃ ခုနှစ်အထိ ကျောင်းများ၏ အခြေခံ WASH ဝန်ဆောင်မှုများ မပြည့်မီသေးသည့် အခြေအနေများ ရှိနေဆဲဖြစ်ပြီး ၂၀၃၀ အမီ လူတိုင်းအတွက် အခြေခံ WASH ဝန်ဆောင်မှုရရှိရေးသည် လက်ရှိတိုးတက်နှုန်းထက် ပိုမိုမြန်ဆန်သော ကြိုးပမ်းမှုများလိုအပ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနှင့် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာကာ မိမိတို့၏ လူမှုစီးပွားအခြေအနေ၊ ရာသီဥတု၊ ပထဝီအနေအထားနှင့် ကျောင်းအသီးသီး၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဖြေရှင်းနည်းများကို ဖော်ဆောင်သင့်သည်။

နောက်ဆုံးတွင် အရေးကြီးဆုံးအချက်မှာ—

**ကလေးတစ်ဦးသည် သန့်ရှင်းသောအိမ်သာကို အသုံးပြုခွင့်ရှိခြင်း၊ သန့်ရှင်းသောရေကို သောက်သုံးခွင့်ရှိခြင်းနှင့် ဆပ်ပြာဖြင့် လက်ဆေးခွင့်ရှိခြင်းတို့သည် အထူးအခွင့်အရေးများ မဟုတ်ပါ။ ကျန်းမာစွာ ရှင်သန်ရန်၊ ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် အပြည့်အဝ ပညာသင်ယူရန် လိုအပ်သော အခြေခံအခြေအနေများ ဖြစ်သည်။**

**“သန့်ရှင်းသောကျောင်း - ကျန်းမာသောကလေး - အာဟာရပြည့်ဝသောမျိုးဆက် -ပိုမိုကောင်းမွန်သောအနာဂတ်”** ဟူသော ဆက်စပ်မှုကို နားလည်ပြီး ကျောင်းတိုင်းတွင် WASH ကို ဦးစားပေးအကောင်အထည်ဖော်နိုင်ပါက ကျောင်းအိမ်သာတစ်လုံး၏ တန်ဖိုးသည် အဆောက်အအုံတစ်ခု၏ တန်ဖိုးထက် များစွာပိုမိုမြင့်မားလာမည်ဖြစ်သည်။

**“အိမ်သာသည် အဆောက်အအုံတစ်ခုသာ မဟုတ်ပါ။ ကလေးတိုင်း၏ ကျန်းမာရေး၊ ဂုဏ်သိက္ခာနှင့် ပညာသင်ယူခွင့်ကို ကာကွယ်ပေးသည့် အနာဂတ်၏ အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပါသည်။”**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၃) ကြိမ်မြောက် ပေကျင်းရှန်ဆန်း ဖိုရမ် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ရေတပ်ဗိုလ်ချုပ်ကြီး တုံကျွင်း (Admiral Dungjun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပသည့် (၁၃)ကြိမ်မြောက် ပေကျင်းရှန်ဆန်းဖိုရမ်သို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး တုံကျွင်းက ပေကျင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Beijing International Convention Center)၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ပြီး မြန်မာ - တရုတ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က တည်ခင်းဧည့်ခံသော ဖိုရမ်ဖွင့်ပွဲ ကြိုဆိုနှုတ်ခွန်းဆက် ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။




စက်တင်ဘာ ၁၆ ရက်တွင် ဖိုရမ်ပထမနေ့ စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့်အပြင် ဖိုရမ်သို့ ပါဝင်တက်ရောက်လျက်ရှိသည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် နှစ်နိုင်ငံအလွတ်သဘောသီးသန့်တွေ့ဆုံမှုများကိုလည်း ဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးက ပေကျင်းမြို့ စစ်သမိုင်းပြတိုက်တွင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် BICC ၌ ကျင်းပသော ဖိုရမ် ဒုတိယနေ့ စုံညီအစည်းအဝေးသို့ တက်ရောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိန်ခေါ်မှုများနှင့်အခွင့်အလမ်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

(၁၃)ကြိမ်မြောက် ပေကျင်းရှန်ဆန်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ လုံခြုံရေးနှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတကာလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လေ့လာသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာဆိုင်ရာ ကုမ္ပဏီများကိုလည်း ကြည့်ရှုလေ့လာခဲ့သည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာသံရုံး (ပေကျင်း) သို့သွားရောက်၍ သံရုံးနှင့် စစ်သံရုံးတို့မှ အရာရှိ / စစ်သည် / မိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် စက်တင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

စက်တင်ဘာလ တတိယ (၁၀)ရက်ပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် စက်တင်ဘာ တတိယ (၁၀)ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ထပ်မံဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေ၀က်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ဝေါ့မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေ၀က်ခန့်နှင့် ဝေါ့မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ



## စလင်းမြို့နယ်၌ ဝါသီးနှံမျိုးသန့်စိုက်တောင်သူများအား ကွန်ပေါင်းမြေဩဇာထောက်ပံ့

စလင်း စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံမျိုးသန့်စံပြစိုက် အကျိုးဆောင်တောင်သူများအား ကွန်ပေါင်းမြေဩဇာများ ချီးမြှင့်ပေးအပ်ခြင်းနှင့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုသင်တန်းကို စက်တင်ဘာ ၁၇ ရက်က အဆိုပါရုံးမြို့မ KC ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိဦးဇော်လင်းတို့က ဝါမျိုးသန့်စံပြစိုက်ကွက် ရှစ်ဧက တစ်အိတ်နှုန်းဖြင့် အကျိုးဆောင်တောင်သူများအား ကွန်ပေါင်းမြေဩဇာ GBS 15:15:15+TE ၁၁၇ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုသင်တန်းကို သင်ကြားပို့ချပေးခဲ့ရာ အဆိုပါသင်တန်းသို့မြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူ ၄၇ ဦးနှင့် ဝါလုပ်ငန်းရှင်လေးဦးတို့ တက်ရောက်ခဲ့ကြ၍ အရည်အသွေးကောင်း ဝါမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မောင်လွင်(စလင်း)

## မြို့သစ်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

မြို့သစ် စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ပြည်သူများဥပဒေအကြောင်းအရာနှင့် ပတ်သက်၍ အသိပညာ ရရှိစေရေးအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး



ဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို ယမန်နေ့က ကွက်သစ်ရပ်ကွက်ရှိ ဓမ္မမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးမင်းသူနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိတို့က ကွက်သစ်ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူ ၁၅၀ ခန့်အား ပြည်သူများ သိသင့်သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့သိရှိလိုသည့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ကျောက်ဆည် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည် - တံတားဦးလမ်းမှ ညောင်ရွှေ-ကြက်လျှာလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၂၀ ရက်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးရဲခေါင်ထွန်း ကွင်းဆင်း



စစ်ဆေးပြီး အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားခဲ့သည်။ အဆိုပါလမ်းပြီးစီးပါက ကျေးရွာသုံးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

*※ကျောဖုံးမှ*

ချန်ပီယံကာကွယ်ပွဲတွင်လည်း ဂျပန်ဖိုက်တာ တက်ဆူရိုတိုင်ရာကို ပဉ္စမအချီ၌ ဒိုင်ပွဲရပ်အလဲထိုးဖြင့် အနိုင်ရရှိထားသူဖြစ်သည်။ ဂျော့ရှုဝါဗန်သည် နောက်ဆုံးထိုးသတ်ခဲ့သည့် UFC ပွဲစဉ် ရှစ်ပွဲဆက်တိုက်



ဂျော့ရှုဝါဗန်နှင့် အလက်ဇန္ဒား ပန်တိုဂျာတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

အနိုင်ရရှိထားပြီး ပန်တိုဂျာကို နှစ်ကြိမ်တိုင်အနိုင်ယူခဲ့သည့် ပွဲစဉ်များ အပါအဝင် UFC ပွဲပေါင်း ၁၂ ပွဲတွင် ၁၁ ပွဲအထိအနိုင်ရရှိကာ တစ်ပွဲသာ အရေးနိမ့်ထားသည့် မှတ်တမ်းကောင်းကို စိုက်ထူထားနိုင်ခဲ့ကြောင်း သိရသည်။

အခြားပွဲစဉ်များဖြစ်သည့် လိုက်ဝိတ်တန်းပွဲစဉ်၌ အာမေးနီးယားဖိုက်တာ အာမန် ဆာရုကယန်က ဘရာဇီးလ် ဖိုက်တာ မော်ရီစီယို ရူဖီကို ဒိုင်ပွဲရပ်အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖယ်သာဝိတ်တန်း ပွဲစဉ်များတွင် ဘရာဇီးလ် ဖိုက်တာ ဂျိုအန်ဒါဆန် ဘရီတိုက ဂျော်ဂျီယာ ဖိုက်တာ ဂီဂါ ချီကာဇီကို ဒိုင်ပွဲရပ်အလဲထိုးဖြင့် အနိုင်ရရှိခဲ့သလို အခြားဖယ်သာဝိတ်တန်းပွဲစဉ်တွင်လည်း ဘရာဇီးလ် ဖိုက်တာ မော်ရီစီယိုက ကိုရီးယား ဖိုက်တာ ဒူဟိုချိုင်းကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ဘန်တမ်ဝိတ်တန်းတွင် အီကွေဒေါ ဖိုက်တာ မာလွန်ဗီရာက ကနေဒါ ဖိုက်တာ ချားလ်စ် ဂျော်ဒန်ကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသမီး ဖလိုင်းဝိတ်တန်းတွင် ဩစတြေးလျ ဖိုက်တာကေစီအိုနီးလ်က ဘရာဇီးလ် ဖိုက်တာ အက်ဒူအာဒါမူရာကို ချုပ်ကွက်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် မစ်ဒယ်ဝိတ်တန်းတွင် ဘရာဇီးလ် ဖိုက်တာ ရိုင်ယန် ဂန်ဒရာက အမေရိကန် ဖိုက်တာ အိုဇီ ဒိုင်ယက်ဇ် ကို ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ လိုက်ဟဲဗီးဝိတ်တန်းတွင် အမေရိကန် ဖိုက်တာ မန်နီဖီးလ်က ပိုလန် ဖိုက်တာ ဘာရန်နီယက်စကီကိုလည်းကောင်း၊ ဟဲဗီးဝိတ်တန်းတွင် အမေရိကန်ဖိုက်တာဆင်းရှာရက်ဖ်က စတီးဗက်ဆန်ကို အလဲထိုး (KO) ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-UFC**

*◆ကျောဖုံးမှ*

ဘောလုံးပြိုင်ပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတို့၌ ဇုန်များခွဲ၍ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*❍ကျောဖုံးမှ*

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ခင်နှင်းဝေက ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိ အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်ကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ခင်နှင်းဝေသည် အုပ်စုအဆင့်တွင် သုံးပွဲကစား သုံးပွဲစလုံး အနိုင်ရရှိခဲ့ကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်တွင် လက်ဘနွန်ကစားသမားကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမားကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ငွေတံဆိပ်ဆု ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပြိုင်ပွဲအဆင့်ဆင့်တွင် အနိုင်ရလဒ်များရယူကာ ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဖိုင်နယ်ပွဲစဉ်၌ အာရှအဆင့်တွင် အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် ထိုင်းအသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီးနောက် ဒုတိယနေရာ (ငွေတံဆိပ်ဆု)ကို ရရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ကစားသမား Saw Friday က ကြေးတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ Saw Friday သည် အုပ်စုအဆင့်မှ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကာ အင်ဒိုနီးရှားကစားသမားကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အီရတ်ကစားသမားကို ရှုံးနိမ့်ခဲ့သော်လည်း စက်တင်ဘာ ၂၀ ရက်ကကျင်းပသည့် တတိယနေရာလုပွဲစဉ်တွင် ဖိလစ်ပိုင်ကစားသမားကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ ကြေးတံဆိပ်ဆု ရယူပေးခဲ့ခြင်းဖြစ်သည်။

ယခုရရှိခဲ့သည့် အောင်မြင်မှုများသည် အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောစင်မြင့်ပေါ်တွင် မြန်မာနိုင်ငံအတွက် သမိုင်းဝင်မှတ်တိုင်သစ်များ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် တက်ဂ်ဘောကစားသမားများ၏ အာရှအဆင့် ယှဉ်ပြိုင်နိုင်စွမ်းကို ထင်ရှားစွာပြသနိုင်ခဲ့သည့် အောင်မြင်မှုများဖြစ်ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-MTF**

*❒ကျောဖုံးမှ*

ထို့ပြင် ကိုဗင်ထရီအသင်းသည် အဆိုပါ လေးပွဲတွင် ပေးဂိုး ၁၀ ဂိုး အထိခွင့်ပြုပေးထားရပြီး သွင်းဂိုး ရယူထားနိုင်ခြင်း မရှိပေ။

ယခုပွဲစဉ်တွင် ကိုဗင်ထရီအသင်းသည် ပြိုင်ဘက်နော်တင်ဟမ်အသင်း၏ ဖိအားပေးခြင်း ခံခဲ့ရသော်လည်း အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်ကာ ပြိုင်ပွဲစုံ လေးပွဲဆက် ရှုံးနိမ့်မှုကို အဆုံးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အစောပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ဘရန့်ဖို့ဒ်က ချယ်ဆီးကို သုံးဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာက စပါးကို သုံးဂိုး-နှစ်ဂိုး၊ ဘရိုက်တန်က အာဆင်နယ်ကို သုံးဂိုး-ဂိုးမရှိ၊ အဲဗာတန်က အစ်ဆွစ်ကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ဟားလ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

**အောင်ဇော်**





(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နာမ်စေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဥက္ကာကိုနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၉ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းစိုးအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ပြည်နယ်(ပြန်/ဆက်)

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ကသာခရိုင်ရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်း

ကသာ စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက်က ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဓာတ်ခွဲခန်းဆောင်၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်မြတ်နှင့်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ကျော်စွာ(ကသာ)**



## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ကလောမြို့၌ စုပေါင်းသွေးလှူဒါန်း

ကလော စက်တင်ဘာ ၂၀

(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ပြည်သူ့ဆေးရုံ၌ ယနေ့ နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စောဦး၊ ဆေးရုံအုပ် ဒေါက်တာဝင်းသန္တာဖြူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ ကလောခရိုင်/မြို့နယ်နှင့်မြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင် ၃၆ ဦး၊ မိသားစုဝင် လေးဦး စုစုပေါင်း ၄၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**



စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊
အကုန်စုပ် တို့တွေရှုသွင်း၊ လေသန့်ရှင်း
မချင်းရမှာ၊ တောကသာ

# စိုက်ပျိုးထုတ်လုပ်မှုတည်တံ့ဖို့ ပေါင်းစပ်မြေဆီလွှာအာဟာရဓာတ် စီမံခန့်ခွဲစို့

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို မဆင်မခြင်အသုံးပြုလာခြင်းတို့ကြောင့် မြေဆီလွှာကျစ်ခဲလာခြင်း၊ အဏုဇီဝသက်ရှိများ လျော့နည်းလာခြင်း၊ မြေချဉ်ငန်ကိန်း (pH) မျှတမှု ပျက်ယွင်းခြင်းနှင့် မြေဆီလွှာအာဟာရဓာတ်များ လျော့နည်းလာခြင်းတို့ကို တွေ့ကြုံနေရပါသည်။ ဤကဲ့သို့သောအခြေအနေများကြောင့် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးထိခိုက်နိုင်သကဲ့သို့ သွင်းအားစုကုန်ကျစရိတ်လည်း မြင့်တက်လာနိုင်ပါသည်။

ဒေါက်တာနီနီတင့် (စိုက်သု)

" မြေဆွေးပုံကို တောင်သူများကိုယ်တိုင် စိုက်ခင်းအတွင်း ပြုလုပ်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာလိုအပ်ချက်ကို လျှော့ချနိုင်သကဲ့သို့ မြေဆီလွှာအတွင်း အာဟာရဓာတ်နှင့် အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်ပါသည်။ ထို့အပြင် အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်စေရန် လုပ်ဆောင်ပေးသည့် အကျိုးပြုအဏုဇီဝသက်ရှိများနှင့် မှိုများ၏ လုပ်ဆောင်ချက်ကို အားပေးကာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြု "

ထို့ကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးလာစေရန် ဓာတ်မြေဩဇာအသုံးပြုမှုအား စနစ်တကျလျှော့ချခြင်း၊ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများကို ပိုမိုအသုံးပြုခြင်း၊ ပေါင်းစပ်မြေဆီလွှာအာဟာရဓာတ် စီမံခန့်ခွဲမှုစနစ် (Integrated Nutrient Management) ကို ကျင့်သုံးခြင်းနှင့် မြေဆီလွှာကျန်းမာရေးဆိုင်ရာ သုတေသနနှင့် နည်းပညာ ပြန့်ပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုအပ်လာပါသည်။

**သစ်ဆွေးဓာတ် လုံလောက်စွာရှိခြင်းသည် မြေဆီလွှာကျန်းမာရေးအတွက် အရေးကြီး**

မြေဆီလွှာတွင် သစ်ဆွေးဓာတ် လုံလောက်စွာရှိခြင်းသည် မြေဆီလွှာကျန်းမာရေးအတွက် အခြေခံအရေးကြီးပါသည်။ မြေဆွေးနှင့် တိရစ္ဆာန်အညစ်အကြေးများကဲ့သို့သော သဘာဝမြေဩဇာများသည် မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်ကို ဖြည့်တင်းပေးပြီး မြေဆီလွှာဖွဲ့စည်းပုံ ပိုမိုကောင်းမွန်စေပါသည်။ ထို့အပြင် ရေထိန်းနိုင်စွမ်းနှင့် လေဝင်လေထွက်ကောင်းမွန်စေကာ အပင်များလိုအပ်သည့် မရှိမဖြစ်နှင့် အနည်းလိုအာဟာရဓာတ်များကို ပိုမိုထိရောက်စွာ စုပ်ယူနိုင်စေပါသည်။ သဘာဝမြေဩဇာမှ အာဟာရဓာတ်များကို တဖြည်းဖြည်း ထုတ်လွှတ်ပေးသဖြင့် သီးနှံပင်များက အချိန်ကြာမြင့်စွာ အာဟာရရရှိနိုင်ပြီး အာဟာရဓာတ် အလဟဿဆုံးရှုံးမှုကိုလည်း လျှော့ချပေးနိုင်ပါသည်။

သီးနှံစိုက်ခင်းများတွင် သဘာဝမြေဩဇာကို ဓာတ်မြေဩဇာနှင့် ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာများ ရေနှင့်အတူ စီးဆင်းဆုံးရှုံးမှုကို လျှော့ချနိုင်သကဲ့သို့ မြေဆီလွှာအတွင်းရှိ အကျိုးပြုဗက်တီးရီးယားများ၊ မှိုများနှင့် အခြားအဏုဇီဝသက်ရှိများ၏ လုပ်ဆောင်ချက်ကိုလည်း အားပေးနိုင်ပါသည်။ ယင်းအဏုဇီဝသက်ရှိများသည်အာဟာရဓာတ်များကို အပင်များ ရယူအသုံးပြုနိုင်စေရန် ကူညီပေးသဖြင့် မြေဆီလွှာ၏ ဇီဝလည်ပတ်မှု ပိုမိုကောင်းမွန်လာစေပါသည်။

လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်အညစ်အကြေးများနှင့် မီးဖိုချောင်သုံး အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို မြေဆွေးပြုလုပ်၍ ပြန်လည်အသုံးပြုခြင်းသည်လည်း သဘာဝ မြေဩဇာရရှိစေရန်နှင့် မြေဆီလွှာသစ်ဆွေးဓာတ် ပြန်လည်ဖြည့်တင်းရန် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

ဓာတ်မြေဩဇာများသည် အာဟာရဓာတ်ကို လျင်မြန်စွာ ဖြည့်တင်းပေးနိုင်ပြီး အထွက်နှုန်းကို မြှင့်တင်ပေးနိုင်သော်လည်း မဆင်မခြင်နှင့် မျှတမှုမရှိဘဲ အသုံးပြုပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မြေဆီလွှာပျက်စီးမှုတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ အခြားတစ်ဖက်တွင် သဘာဝမြေဩဇာများသည် မြေဆီလွှာကျန်းမာရေးကို တိုးတက်စေသော်လည်း အာဟာရဓာတ် ထုတ်လွှတ်မှုနှေးကွေးခြင်း၊ ပမာဏများစွာ လိုအပ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားနိုင်ခြင်းတို့ကြောင့် လက်တွေ့အသုံးပြုရာတွင် အခက်အခဲများ ရှိနိုင်ပါသည်။ ထို့ကြောင့် သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို မြေဆီလွှာအခြေအနေ၊ သီးနှံလိုအပ်ချက်နှင့် ဒေသတွင်းရရှိနိုင်သည့် အရင်းအမြစ်များအပေါ် မူတည်၍ မျှတစွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါသည်။

မြေဆီလွှာကျန်းမာရေး စီမံခန့်ခွဲမှု အောင်မြင်စေရန် တောင်သူလယ်သမားများ၏ အသိပညာနှင့် ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါသည်။ ထို့ကြောင့် မြေဆီလွှာထိန်းသိမ်းရေး၊ အာဟာရဓာတ် စီမံခန့်ခွဲရေးနှင့် သီးနှံစိုက်ပျိုးနည်းပညာများကို လက်တွေ့အသုံးချနိုင်အောင် သင်တန်းများ၊ ပညာပေးအစီအစဉ်များနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဆက်လက်အားပေးရန် လိုအပ်ပါသည်။

**ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်**

သုတေသနရလဒ်များအရ ပဲမျိုးရင်းဝင် သစ်စိမ်းမြေဩဇာအပင်များကို စိုက်ခင်းအတွင်း ရေရှည်ထည့်သွင်းအသုံးပြုခြင်းသည် လေထုထဲမှ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးနိုင်သကဲ့သို့ မြေဆီလွှာသစ်ဆွေးဓာတ်ကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။ ထိုနည်းလမ်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို ခန့်မှန်းခြေအားဖြင့် ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း တွေ့ရှိထားပါသည်။ ညံပင်၊ ပဲလွမ်း၊ ပိုက်ဆံလျှော် စသည့်ပဲမျိုးရင်းဝင်အပင်များကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်ပြီး ထယ်မြှုပ်သည့်အချိန်ကို ပန်းစပွင့်ချိန်မှ နောက်အကျဆုံး ၅၀ ရာခိုင်နှုန်းခန့် ပန်းပွင့်ချိန်အတွင်း သတ်မှတ်အသုံးပြုနိုင်ပါသည်။

အပင်သက်တမ်းအားဖြင့် ဆိုလျှင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း ဖြစ်ပါသည်။ ထို့အပြင် Gliricidia ဟုခေါ်ဆိုသော မြေနိမ့်ချယ်ရီပင်ကိုလည်း သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်ပြီး မြေလှုပ်ကာလတွင် ကိုင်းများခုတ်ဖြန့်ထားပြီး အရွက်ကြွေကျပြီးနောက် အကိုင်းခြောက်များဖယ်ကာ အရွက်များကို မြေတွင်းထယ်မြှုပ်ပေးပါက ၃ ပတ်မှ ၄ ပတ်အတွင်း ဆွေးမြည့်ပြီး မြေဆီလွှာအာဟာရဓာတ် ဖြည့်တင်းပေးနိုင်ပါသည်။ ထိုကိုင်းခြောက်များကို ထင်းအဖြစ် အသုံးပြုနိုင်ပါသေးသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အာဟာရဓာတ် စီမံခန့်ခွဲမှုသည် မြေချဉ်ငန်ကိန်းနှင့်လည်း ဆက်စပ်နေပါသည်။ မြေချဉ်ငန်ကိန်းအရ စိုက်ပျိုးမြေက သမအနေအထားအတွင်းဆိုလျှင် သီးနှံပင်များမှ အာဟာရဓာတ်များကို ရယူနိုင်မည်ဖြစ်ပါသည်။ သုတေသနတွေ့ရှိချက်အရ မြေချဉ်ငန်ကိန်း အနည်းငယ်နိမ့်သော နုန်းဆန်သည့်သဲမြေများတွင် စပါးခွံများကို လုံးဝလောင်ကျွမ်းသွားအောင် မီးရှို့မည့်အစား ၂၅ ရာခိုင်နှုန်းခန့်သာ မီးလောင်ကျွမ်းစေပြီး စပါးခွံဘိုင်အိုချာ ပြုလုပ်ကာ တစ်ဧက ၅ တန်နှုန်း ထည့်သွင်းအသုံးပြုပါက မထည့်သွင်းသည်ထက် စပါးအထွက်နှုန်း ၅ ရာခိုင်နှုန်းခန့် ပိုမိုရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ ထိုဘိုင်အိုချာကို တစ်ဧက ၅ တန်နှုန်းဖြင့် ၃ ကြိမ်ဆက်တိုက် အသုံးပြုသောအခါ မြေချဉ်ငန်ကိန်းသည် ၄ ဒသမ ၈၃ မှ ၅ ဒသမ ၂၄ အထိ တိုးတက်လာပြီး မြေဖွဲ့စည်းပုံကောင်းမွန်လာသကဲ့သို့ အပင်စားသုံးနိုင်သော ဖော့စဖိတ်နှင့် ပိုတက်ဆီယမ်ဓာတ်များလည်း တိုးလာကြောင်း တွေ့ရှိရပါသည်။

**ပဲမြစ်ဖု ဗက်တီးရီးယားသည် နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးနိုင်**

နောက်ထပ် သုတေသနရလဒ်အနေဖြင့် လေထုအတွင်းမှ နိုက်ထရိုဂျင်ဓာတ်ငွေ့များကို အပင်များအတွက် ရယူပေးသော မြစ်ဖုဗက်တီးရီးယားများကိုအသုံးပြုခြင်းသည် ပဲပင်များအတွက် နိုက်ထရိုဂျင်အာဟာရဓာတ်လုံလောက်စွာ ဖြည့်တင်းပေးနိုင်ပါသည်။ ပဲမြစ်ဖု ဗက်တီးရီးယားများသည် ပဲမျိုးအလိုက် လေထုထဲမှ နိုက်ထရိုဂျင်ဓာတ်ကို တစ်ဧကလျှင် ပေါင် ၄၀ မှ ပေါင် ၁၅၀ အထိ ဖမ်းယူပေးနိုင်ပါသည်။

ပဲမျိုးစုံသီးနှံများစိုက်ပျိုးရာတွင် ရိုင်ဇိုဘီယမ် ဗက်တီးရီးယား ဇီဝမြေဩဇာ အသုံးပြုစိုက်ပျိုးပါက နိုက်ထရိုဂျင်ဓာတ်မြေဩဇာအား လျှော့ချသုံးစွဲနိုင်ပြီး သီးနှံအထွက်တိုးစေပါသည်။ ပဲမြစ်ဖုဇီဝမြေဩဇာ အသုံးပြုခြင်းသည် အသုံးမပြုခြင်းထက် ပဲပင်တွေမှာ မြစ်ဖုဖြစ်ပေါ်မှု ၁၀၀ ရာခိုင်နှုန်းထိ ပိုမိုစေပြီး ပဲမျိုးကိုလိုက်၍ အထွက်နှုန်း ၁၆ ရာခိုင်နှုန်းမှ ၅၇ ရာခိုင်နှုန်းခန့်အထိ အထွက်တိုးစေသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပဲခြောက်မျိုး (ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း၊ ပဲပုပ်၊ မြေပဲ)အတွက် ပဲမြစ်ဖုဇီဝမြေဩဇာ ခြောက်မျိုး ထုတ်လုပ်ပေးလျက်ရှိပါသည်။

ထို့အပြင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ထရိုင်ခိုဒါးမားမှို အသုံးပြုခြင်းသည်လည်း သီးနှံထုတ်လုပ်မှုတွင် အကျိုးရှိသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ယင်းမှိုသည် မြေဆောင်နှင့် မျိုးစေ့ဆောင်ရောဂါများကို ကာကွယ်ပေးနိုင်ရုံသာမက အပင်ကြီးထွားမှုကို အားပေးသည့် ဟော်မုန်းများ ထုတ်ပေးခြင်းနှင့် အာဟာရဓာတ် ရယူအသုံးပြုနိုင်မှု တိုးတက်စေခြင်းတို့မှတစ်ဆင့် အပင်များ ကျန်းမာသန်စွမ်းစေရန် ကူညီပေးနိုင်ပါသည်။ ပျိုးခင်းနှင့် ပျိုးပေါင်များတွင် အသုံးပြုခြင်းအပြင် မြေဆွေးပုံပြုလုပ်ရာတွင်လည်း ဆွေးမြည့်မှု ပိုမိုမြန်ဆန်စေရန် အသုံးချနိုင်ပါသည်။

စပါးသီးနှံတွင် ယူရီးယားမြေဩဇာကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နွားချေး သို့မဟုတ် မြေဆွေးအမှုန့်နှင့် ခြောက်ဆတူ ရောစပ်ကာ လေလုံအောင်နှပ်၍ အရိပ်အောက် ခြောက်သွေ့သော နေရာတွင် တစ်ညကြိုတင်ထားပြီးမှ ထည့်သွင်းပေးခြင်းဖြင့် အပင်၏ ယူရီးယားရယူအသုံးချနိုင်စွမ်း ပိုမိုကောင်းမွန်စေကာ နွားချေး သို့မဟုတ် မြေဆွေးမပါဘဲ အသုံးပြုခြင်းထက် အထွက်နှုန်း ၉ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း သုတေသနရလဒ်များက ဖော်ပြထားပါသည်။

သီးနှံတစ်မျိုးတည်းကို ဆက်တိုက်စိုက်ပျိုးခြင်းထက် နိုက်ထရိုဂျင်ဓာတ် ပြန်လည်ဖြည့်တင်းပေးနိုင်သည့် ပဲမျိုးရင်းဝင်သီးနှံများနှင့် အလှည့်ကျစိုက်ပျိုးခြင်းက မြေဆီလွှာအာဟာရဓာတ် ဟန်ချက်ညီစေရန် ကူညီပေးပြီး ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ပါသည်။ ထို့အပြင် ပိုးမွှားနှင့် ရောဂါပိုးများ၏ သံသရာကို ဖြတ်တောက်နိုင်သဖြင့် ပိုးသတ်ဆေးနှင့် မှိုသတ်ဆေး အသုံးပြုမှုလည်း လျော့နည်းနိုင်ပါသည်။ သုတေသနရလဒ်များအရ စပါး-ပဲ-စပါး သီးနှံပုံစံကို နှစ်ရှည်စိုက်ပျိုး၍ မိုးနှောင်းပဲသီးနှံ၏ အပင်အကြွင်းအကျန်နှင့် ပဲမှော်ဖတ်များကို မြေဆီလွှာအတွင်း ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် နောက်သီးနှံနွေစပါး အထွက်နှုန်းသည် မိုးနှောင်းမြေလှုပ်ထားမှုထက် ၃ မှ ၁၉ ရာခိုင်နှုန်းခန့် ပိုမိုရရှိခဲ့ကြောင်း တွေ့ရှိထားပါသည်။

ကောက်ရိုးနှင့် အခြားသီးနှံအကြွင်းအကျန်များကို ရိတ်သိမ်းပြီးနောက် မီးရှို့ပစ်မည့်အစား မြေဆီလွှာအတွင်း ပြန်လည်ထည့်သွင်းပေးခြင်းသည် သစ်ဆွေးဓာတ်ပါဝင်မှုကို တိုးစေပြီး မြေဆီလွှာအာဟာရဓာတ်နှင့် သီးနှံထုတ်လုပ်မှုကို တိုးတက်စေနိုင်ပါသည်။ တစ်ချိန်တည်းတွင် မြေနှင့်ရေတိုက်စားမှုကို လျှော့ချနိုင်ပြီး အာဟာရဓာတ်များ ရေစီးကြောင်းဖြင့် ဆုံးရှုံးခြင်းနှင့် မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းတို့ကိုလည်း လျော့နည်းစေနိုင်ပါသည်။

ထို့ကြောင့် ဒေသတွင်း ပေါများစွာရရှိနိုင်သည့် လယ်ယာဘေးထွက်ပစ္စည်းများကို မြေဆွေးပုံပြုလုပ်ရန် ပြန်လည်အသုံးချခြင်းအားဖြင့် ဈေးနှုန်းမြင့်မားသော ဓာတ်မြေဩဇာသွင်းအားစုများကို လျှော့ချနိုင်ကာ ကုန်ကျစရိတ်သက်သာစွာဖြင့် မြေဆီဩဇာ ထက်သန်အောင် ဆောင်ရွက်နိုင်ပါသည်။

မြေဆွေးပုံကို တောင်သူများကိုယ်တိုင် စိုက်ခင်းအတွင်း ပြုလုပ်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာလိုအပ်ချက်ကို လျှော့ချနိုင်သကဲ့သို့ မြေဆီလွှာအတွင်း အာဟာရဓာတ်နှင့် အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်ပါသည်။ ထို့အပြင် အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်စေရန် လုပ်ဆောင်ပေးသည့် အကျိုးပြုအဏုဇီဝသက်ရှိများနှင့် မှိုများ၏ လုပ်ဆောင်ချက်ကို အားပေးကာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြုပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးနှင့် နွေရာသီများတွင် ရုရှားနည်းပညာဖြင့် ထုတ်လုပ်သည့် ဟျူးမစ် သဘာဝအပင်အားဆေးရည်ကို စပါးသီးနှံတွင် ၁၀၀ ရာခိုင်နှုန်း ဓာတ်မြေဩဇာနှင့် ၇၀ ရာခိုင်နှုန်း ဓာတ်မြေဩဇာစနစ်တို့တွင် တွဲဖက်စမ်းသပ်ခဲ့ရာ၌ ၇၀ ရာခိုင်နှုန်း ဓာတ်မြေဩဇာနှင့် ဟျူးမစ်သဘာဝအပင်အားဆေးရည် တွဲဖက်အသုံးပြုသည့် စမ်းသပ်ချက်သည် ၁၀၀ ရာခိုင်နှုန်း ဓာတ်မြေဩဇာ အသုံးပြုသည့် စမ်းသပ်ချက်နှင့် စပါးအထွက်နှုန်း သိသိသာသာကွာခြားမှုမရှိကြောင်း တွေ့ရှိခဲ့ပါသည်။

မြေဆီလွှာကျန်းမာမှသာ မျှော်မှန်းအထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်သဖြင့် မြေဆီလွှာယိုယွင်းပျက်စီးမှု မဖြစ်စေရန် ကာကွယ်ထိန်းသိမ်းခြင်းသည် အရေးကြီးပါသည်။ လူသားတို့၏ စားရေရိက္ခာဖူလုံရေး၊ ဂေဟစနစ် တည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သော

စာမျက်နှာ ၁၁ သို့

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## ဧည့်ဝတ်ကျေပွန်ခြင်း အလှတရား – (၈)

မေ

ဧည့်ဝတ်ကျေပွန်တာဟာ မြန်မာတို့ရဲ့ လှပတဲ့ဓလေ့တစ်ခုဖြစ်ပြီး လူတစ်ယောက်ရဲ့ နွေးထွေးမှုနဲ့ စိတ်ထားကောင်းကို ဖော်ပြပေးပါတယ်။ မိမိထံ လာရောက်သူတွေကို အဆင်ပြေစွာ ကြိုဆိုပေးခြင်း၊ လေးစားစွာဆက်ဆံပေးခြင်းတို့က ရိုးရှင်းပေမယ့် တန်ဖိုးရှိတဲ့ လူမှုဆက်ဆံရေး အကျင့်ကောင်းတွေ ဖြစ်ပါတယ်။




ဧည့်သည်တစ်ယောက်ရောက်လာတဲ့အခါ နွေးထွေးစွာကြိုဆိုခြင်း၊ ထိုင်စရာပေးခြင်း၊ သောက်ရေအေးအေးလေးနဲ့ လိုအပ်တာတွေကို ဂရုစိုက်ပေးတာက အိမ်ရှင်၏ ယဉ်ကျေးမှုကို ဖော်ပြပေးပါတယ်။ ဒါပေမယ့် ဧည့်ဝတ်ကျေတယ်ဆိုတာ ဟန်ပြ အလွန်အကျွံပြင်ဆင်တာထက် ဧည့်သည်ရဲ့ အဆင်ပြေမှုနဲ့ ခံစားချက်ကို ဦးစားပေးခြင်း ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဧည့်သည်အဖြစ် သွားရောက်တဲ့အခါ အိမ်ရှင်ကို လေးစားတတ်ဖို့ လိုအပ်ပါတယ်။ သတ်မှတ်ထားတဲ့အချိန်ကို လိုက်နာခြင်း၊ အိမ်ရှင်၏ အခြေအနေကို နားလည်ပေးခြင်း၊ အဆင်မပြေမှုများ မဖြစ်စေရန် ဂရုစိုက်ခြင်းတို့က ဧည့်သည်ကောင်းတစ်ယောက် လိုက်နာရမယ့် ကျင့်ဝတ်များ ဖြစ်ကြပါတယ်။

ဧည့်ဝတ်ကျေပွန်မှုဟာ ရိုးရာယဉ်ကျေးမှုတစ်ခုသာ မဟုတ်ဘဲ လူမှုဆက်ဆံရေးကို ပိုမိုခိုင်မာစေတဲ့ အက်တီကက်တစ်ခုလည်း ဖြစ်ပါတယ်။ အခြားသူတွေကို လေးစားမှု၊ ကြင်နာမှုနဲ့ နားလည်ပေးမှုတို့က လူတစ်ဦးနဲ့တစ်ဦးကြား ရေရှည်တည်တံ့တဲ့ ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပါတယ်။



## ထန်းတပင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပြီးစီး

ထန်းတပင် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်းများကို စက်တင်ဘာ ၁၄ ရက်က စတင်၍ ထန်းတပင်မြို့ပေါ်ရှိ အောင်မင်္ဂလာရပ်ကွက်၊ အောင်သုခရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ ဆိပ်ကြီး ရပ်ကွက်၊ သီရိဟေမာရပ်ကွက်၊ သီရိရတနာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး များ၌ ဖွင့်လှစ်ကျင်းပရာ စက်တင်ဘာ ၁၈ ရက်တွင် သင်တန်းများ ဖွင့်လှစ်ပြီးစီးပြီဖြစ်သည်။ အဆိုပါသင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဥပဒေအရာရှိများက လိုအပ်သည်များကို ထပ်မံရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ညောင်တုန်း စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် ကျေးလက်လမ်းများကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒီဇိုင်း နှင့် ပုံထုတ်ဌာနခွဲက ဒီဇိုင်းအဖွဲ့နှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ငှက်ပျောကျွန်း–ခတ္တိယလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ချောင်းကြီး–ကျောက်ပျဉ်အိုင်လမ်း အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးမြင့်အောင်၊ ချောင်းဆုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကိုကိုမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ချောင်းဆုံမြို့ အရှေ့ရပ်ကွက်ရှိ ရွှေမြင့်မိုရ်တောင်စေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကျော်(ချောင်းဆုံ)

## မြိတ်မြို့၌ ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

မြိတ် စက်တင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ကန်ကြီးရပ်ကွက် ကမ်းနားလမ်းရှိ သစ်ယာဝလှေဆိပ်အရှေ့ ရေပြင် တနင်္သာရီမြစ်အတွင်း ယနေ့ နံနက်ပိုင်းက ပြုလုပ်ကြသည်။



သရုပ်ပြ လေ့ကျင့်ရာတွင် တနင်္သာရီမြစ်အတွင်း ငါးဖမ်းစက်လှေတစ်စင်း မီးလောင်မှုဖြစ်ပွားနေသဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ရေး Speed Boat ဖြင့် သွားရောက် မီးငြှိမ်းသတ်ခြင်း၊ ထို့အတူ လှေမီးလောင်မှုကြောင့် လှေသားများ ရေထဲခုန်ချ၍ ရေနစ်နေသူအား ရှာဖွေကယ်ဆယ်ရေး Speed Boat ဖြင့် သွားရောက်ကယ်ဆယ်ကြပြီး ကယ်ဆယ်လာသည့် လူနာအား ရှေးဦးပြုစုခြင်းနှင့် လူနာတင်ယာဉ်ဖြင့်ဆေးရုံပို့ဆောင်ခြင်းကို သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

သရုပ်ပြ လေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဇော်အောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက Fire Boat နှစ်စင်း၊ Rescue Boat နှစ်စင်း၊ လူနာတင်ယာဉ် ငါးစင်းတို့ဖြင့် ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့် ပြုလုပ်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုကို မြိတ်လေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ညဏ်၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က စစ်ကိုင်းခရိုင်/မြို့နယ်ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စစ်ကိုင်းမြို့ ခုတင်(၃၀၀) ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ညွန့်က အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။ နေလင်းအောင်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

**မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းခြင်း**

စိုက်ပျိုးထုတ်လုပ်ရေးတို့သည် မြေဆီလွှာ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ မြေဆီလွှာ၏ အရေးပါမှုကို ကမ္ဘာတစ်ဝန်း ပိုမိုသတိပြုမိစေရန် ၂၀၁၄ ခုနှစ်မှစ၍ ဒီဇင်ဘာ ၅ ရက်နေ့ကို ကမ္ဘာ့မြေဆီလွှာနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ပြီး မြေဆီလွှာကျန်းမာရေး၊ ထိန်းသိမ်းရေးနှင့် သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

အပေါ်ယံမြေဆီလွှာ အထူတစ်လက်မ ဖြစ်ပေါ်လာရန် နှစ်ပေါင်း ၅၀၀ ကျော်ကြာမြင့်နိုင်သဖြင့် မြေဆီလွှာသည် တန်ဖိုးကြီးမားပြီး ပြန်လည်အစားထိုးရန် ခက်ခဲသော သဘာဝအရင်းအမြစ်တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းခြင်းသည် လက်ရှိသီးနှံအထွက်နှုန်း တိုးတက်စေရုံသာမက အနာဂတ်စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပါ အရေးပါပါသည်။ လက်တွေ့အသုံးချသုတေသနရလဒ်များကို အခြေခံ၍ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာနှင့် ဓာတ်မြေသြဇာတို့ကို သီးနှံနှင့် မြေဆီလွှာလိုအပ်ချက်နှင့်အညီ ပေါင်းစပ်အသုံးပြုခြင်း၊ သီးနှံအလှည့်ကျစိုက်ပျိုးခြင်း၊ အပင်အကြွင်းအကျန်များကို ပြန်လည်အသုံးပြုခြင်းနှင့် တောင်သူများ၏ အသိပညာမြှင့်တင်ခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာ ကျန်းမာရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ။



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့ ဘုန်းတော်ကြီးကျောင်း၌ မြို့အုပ်ချုပ်ရေးမှူး ဦးအေးမျိုးအောင်၊ ရဲအုပ် လွင်မျိုးသူနှင့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး တောင်ကြီးမြို့ရှိ သတ္တုတွင်းဦးစီးဌာန ရုံးအဆောက်အအုံ ပြိုကျပျက်စီးမှု သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ သတ္တုတွင်းဦးစီးဌာနရုံးဝင်း၏ နောက်ကျောဘက်တောင်ကမ်းပါးပေါ်မှ ခန့်မှန်းအလျား ပေ ဖ၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ ရှိသည့် ကျောက်တုံးသည် မြေသားမတည်ငြိမ်မှုကြောင့် အောက်ဘက်သို့ လိမ့်ကျခဲ့ပြီး အဆိုပါရုံးမှ အုတ်ညှပ်တစ်ထပ်ရုံးကို ဝင်ရောက်တိုက်မိကာ ရုံးအတွင်းရှိ ရုံးသုံးကွန်ပျူတာနှင့် ရုံးသုံးပစ္စည်းများအပါအဝင် ရုံးအဆောက်အအုံတစ်ခုလုံး ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရုံးပြိုကျပျက်စီးခဲ့မှု အခြေအနေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘူမိဗေဒပညာရှင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ရုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အဆိုပါရုံးရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များကိုလည်း တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်တုံးပြိုကျမှုဖြစ်ခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုပြီး မြေသားကြွခိုင်မှုအားနည်းသော နေရာများကို ဘူမိဗေဒပညာရှင်များက မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေး၍ တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များ ဆောလျင်စွာ တင်ပြသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လောပိတမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် ၁၂/၂ နှင့် ၁၂/၃ ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျား ပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှုဖြစ်ပွားခဲ့သည်။



အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပဲ့ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တုတ်တန်းရိုက်၊ သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့် တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်း၊ သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်ခြင်း၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ခြင်း၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှု လျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်း စသည့်လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင်ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကိုလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ရှမ်းတောရပ်ရှိ ရှေးဟောင်းသမိုင်းဝင် ချမ်းသာကြီးဘုရား၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

သတင်းစဉ်



# တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

### စက်တင်ဘာ ၁၃ ရက်

**Online လောင်းကစား Senior Agent များ ဖော်ထုတ်ဖမ်းဆီး**

Online လောင်းကစားလုပ်ငန်းတွင် ဦးစီးဆောင်ရွက်နေသည့် Senior Agent ခုနစ်ဦးအား စက်တင်ဘာ ၂ ရက်မှ ၄ ရက်အတွင်း ရန်ကုန်၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး လက်ကိုင်ဖုန်း ၁၃ လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံးနှင့် မော်တော်ယာဉ်သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

### စက်တင်ဘာ ၁၄ ရက်

**PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်**

၂၀၂၁ ခုနှစ်မှ ယနေ့အထိ PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် အမျိုးသား ၅၀၃၆ ဦး၊ အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးတို့သည် လက်နက်မျိုးစုံ ၆၉၂ လက်နှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

### စက်တင်ဘာ ၁၅ ရက်

**ပြည်ပခရီးစဉ်များမှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများ အတုယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရန် သမ္မတမှာကြား**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်များမှ တွေ့မြင်လေ့လာခဲ့ရသည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများမှ အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည်များကို အတုယူအကောင်အထည်ဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် မှာကြားသည်။ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး အားကောင်းရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ရေးတို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

### စက်တင်ဘာ ၁၆ ရက်

**အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်**

အမေရိကန်နိုင်ငံသား Adam Michael Castillo အား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်နှင်စေလွှတ်ခဲ့သည်။

### စက်တင်ဘာ ၁၇ ရက်

**နမ့်စန်၌ အွန်လိုင်းလိမ်လည်လောင်းကစားသူ ၅၀ ဖမ်းဆီးရမိ**

နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၁၀ ဦးနှင့် မြန်မာနိုင်ငံသား ၄၀ စုစုပေါင်း ၅၀ တို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### စက်တင်ဘာ ၁၈ ရက်

**ခမောက်ကြီး၌ ရေဝင်ရောက်မှုဖြစ်ပွား**

မိုးသည်းထန်စွာရွာသွန်းပြီး ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ခမောက်ကြီးမြို့ ရပ်ကွက်(၁)အတွင်း ရေဝင်ရောက်ခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

### စက်တင်ဘာ ၁၉ ရက်

**နီပေါသို့ လူကြုံပစ္စည်းသယ်ဆောင်မှု သတိပြုရန် သံရုံးအသိပေး**

နီပေါနိုင်ငံသို့ လာရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကြုံပစ္စည်းများအတွင်း တရားမဝင်ပစ္စည်းများ ပါဝင်လာနိုင်သဖြင့် သတိပြုဆင်ခြင်၍ ခရီးသွားလာကြရန် မြန်မာသံရုံးက အသိပေးနှိုးဆော်ထားသည်။

## ကမ္ဘာရေးရာ

**အင်ဒိုနီးရှား၌ ခရီးသည်တင်သင်္ဘောနစ်မြုပ်၊ ၁၂၉ ဦး ပျောက်ဆုံး**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်တွင် စက်တင်ဘာ ၁၃ ရက်က ခရီးသည် ၂၄၃ ဦး တင်ဆောင်လာသည့် Virgo Transport 8 သင်္ဘော အဆက်အသွယ်ပြတ်တောက်ပြီး နစ်မြုပ်ခဲ့ရာ ၁၀၈ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ခြောက်ဦး သေဆုံးပြီး ၁၂၉ ဦး ပျောက်ဆုံးလျက်ရှိသည်။

**ဖင်လန်က ပြင်သစ်၏ နျူကလီးယားဟန့်တားရေးစီမံကိန်းတွင် ပါဝင်**

ဖင်လန်နိုင်ငံသည် ပြင်သစ်၏ Forward Deterrence အစီအစဉ်တွင် စက်တင်ဘာ ၁၄ ရက်က ပူးပေါင်းပါဝင်ရန် ကြေညာခဲ့ရာ ပြင်သစ်အပါအဝင် ပါဝင်သည့်နိုင်ငံ ၁၁ နိုင်ငံအထိ ရှိလာခဲ့သည်။

**ဂျပန်က ပျောက်ဆုံး Global Hawk ဒရုန်းကို ရှာဖွေ**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် တို့တိုရီခရိုင်ကမ်းလွန်၌ စက်တင်ဘာ ၁၅ ရက်က အဆက်အသွယ်ပြတ်တောက်ပြီး ရေဒါမှပါ ပျောက်ကွယ်သွားသည့် Global Hawk မောင်းသူမဲ့ကင်းထောက်ဒရုန်းကို ရှာဖွေလျက်ရှိသည်။

**ဆော်ဒီအာရေဗျ၌ AI ကျင့်ဝတ်ဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ကျင်းပ**

UNESCO နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ပူးတွဲကျင်းပသည့် ဉာဏ်ရည်တုကျင့်ဝတ်ဆိုင်ရာ စတုတ္ထအကြိမ် ကမ္ဘာလုံးဆိုင်ရာဖိုရမ်ကို စက်တင်ဘာ ၁၆ ရက်က ရီယာဒ်မြို့၌ ကျင်းပခဲ့ပြီး AI ဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်စီမံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

**တူတန်ခမန်ဘုရင်၏ ဂူသင်္ချိုင်းအနီး အထောက်အထားအသစ်တွေ့ရှိ**

အီဂျစ်နိုင်ငံရှိ တူတန်ခမန်ဘုရင်၏ ဂူသင်္ချိုင်းအနီးတွင် ဖုံးကွယ်ထားသော စင်္ကြံလမ်းများနှင့် အခန်းများရှိနိုင်ကြောင်း အထောက်အထားအသစ်များကို သုတေသီများက တွေ့ရှိခဲ့သည်ဟု စက်တင်ဘာ ၁၇ ရက်ထုတ် Nature ဂျာနယ်တွင် ဖော်ပြထားသည်။

**တောင်ဆူဒန်၌ ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူ ၆၆၁၀၀၀ ကျော်ရှိ**

တောင်ဆူဒန်နိုင်ငံရှိ နေရာ ၃၁ ခုတွင် စက်တင်ဘာ ၁၈ ရက်အထိ ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူ စုစုပေါင်း ၆၆၁၅၂၉ ဦးကို လက်ခံထားရှိပြီး ၉၅ ရာခိုင်နှုန်းမှာ ဆူဒန်နိုင်ငံမှဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ထားသည်။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ နဝင်္ဂနန်းဦးစေတီတော်မြတ်ကြီး၌ သတင်းရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ဖွဲ့ခွဲ(ဧရာဝတီ)၊ တပ်ဖွဲ့စု(မအူပင်)မှ ဒုတိယရဲမှူး ဝင်းကိုကိုထိုက်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က စခန်းမှူး ရဲအုပ် ဝေလှိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဓာတ်စွမ်းဟုန်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်လွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်ဌေးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ယဉ်ယဉ်ဝင်း(မိုင်းဆတ်)




မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက် သရက်တောကျောင်းတိုက်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်က ဒုတိယရဲမှူးကြီး ခင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကိုဇော်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၉ ရက်က နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဟိန်းအောင်ထက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများ၊ တပ်မတော်သားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းလင်းခိုင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မျိုးမင်း(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဆော်ဒီအာရေဗျနိုင်ငံသို့ တူကီယဲနိုင်ငံက စစ်ဘက်နည်းပညာဆိုင်ရာ အကူအညီပေးရန် အသင့်ရှိနေ

**အန်ကာရာ စက်တင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံအပေါ် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် မဏ္ဍာပူးတွဲကာကွယ်ရေးသဘောတူညီချက်အရ တူကီယဲနိုင်ငံက ၎င်း၏ကတိကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး နည်းပညာအကူအညီများလည်း ပေးနိုင်ပါကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

မဏ္ဍာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ဆော်ဒီအပေါ် ဟူသီ၏ တိုက်ခိုက်မှုများကို စောင့်ကြည့်လျက်ရှိကြောင်း တူကီယဲ အသံလွှင့် NTV တွင် ဖီဒန်က ပြောကြားသည်။

ယခုကိစ္စရပ်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပြီး သဘောတူညီချက်တွင် မိမိတို့၏ ကတိများကို ထိန်းသိမ်းသွားရမည့် သက်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မဏ္ဍာပူးတွဲကာကွယ်ရေး သဘောတူညီချက်ကို ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ် မိုဟာမက်ဘင်ဆယ်မန်ဘင် အဗ္ဗဒူလာဇစ် အယ်ဆော့၊ တူကီယဲ သမ္မတ ရီဆက် တေရစ်အာဒိုဂန် နှင့် ပါကစ္စတန်ဝန်ကြီးချုပ် မူဟာမက်ရှီဟ်ဘက်ဇ်ရှာရစ်တို့က ဆော်ဒီနိုင်ငံ မက္ကာမြို့၌ ဩဂုတ် ၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။



နှစ်ဖက်စလုံးက အပြန်အလှန်တိုက်ခိုက်မှုများ ထပ်ကာထပ်ကာ လုပ်ဆောင်ခဲ့သည့်အတွက် မကြာသေးမီကာလများအတွင်း ဆော်ဒီအာရေဗျနှင့် ယီမင်ရှိ ဟူသီအုပ်စုတို့အကြား တင်းမာမှုများမှာ ပိုမိုပြင်းထန်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကယ်လီဖိုးနီးယားပြည်နယ်၌ AI ကို အရေးပေါ်ပိတ်ပစ်နိုင်မည့် Kill Switch စနစ်ကို လေ့လာမည်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၀**

ထိန်းချုပ်မရနိုင်သော အေအိုင်မော်ဒယ်များကို လျင်မြန်စွာပိတ်ချပစ်နိုင်မည့် Kill Switch စနစ်ကို လေ့လာမှုများပြုလုပ်သွားရန် အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ခဲ့သည်။

ကယ်လီဖိုးနီးယား ပြည်နယ်အတွင်း အေအိုင် တီထွင်ထုတ်လုပ်သူများအပေါ် ကြီးကြပ်စောင့်ကြည့်မှု ပိုမိုခိုင်မာစေရန် အုပ်ချုပ်ရေးအမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်က စက်တင်ဘာ ၁၈ ရက်တွင် ပြောသည်။

အဆိုပါအမိန့်အောက်တွင် အေအိုင်ကုမ္ပဏီများအနေဖြင့် အရေးပေါ်ပိတ်ချပစ်နိုင်မည့် လုပ်ငန်းစဉ်ကို ထည့်သွင်းရန် ကျွမ်းကျင်သည့် အုပ်စုတစ်စုက လေ့လာသွားမည်ဖြစ်သည်။ ကျွမ်းကျင်သူများသည် နှစ်လအတွင်း အကြံပြုချက်များ တင်ပြရမည်ဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် Open AI၊ Anthropic နှင့် Google တို့အပါအဝင် အေအိုင်ကုမ္ပဏီကြီးများ၏ ဌာနချုပ်များရှိရာ ပြည်နယ်လည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ အာရှအားကစားပွဲတော် ဖွင့်လှစ်

**တိုကျို စက်တင်ဘာ ၂၀**

၂၀၂၆ ခုနှစ် အာရှအားကစားပွဲတော်ကို ဂျပန်နိုင်ငံ နာဂိုယာမြို့၌ စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမားများသည် မီးရှူးတိုင် ပန်းခြံအားကစားကွင်းတွင် ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံမှ အားကစားသမား ၂၈၀ ကျော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ အားကစားသမားပေါင်း ၉၀၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ သမိုင်းတစ်လျှောက် ဂျပန်နိုင်ငံက ကစားသမားအများဆုံး ပါဝင်သည့်ပွဲလည်းဖြစ်သည်။ ဂျပန်ဧကရာဇ် နာရူဟီတိုက အားကစားပွဲဖွင့်လှစ်ကြောင်း ကြေညာပေးခဲ့သည်။

၁၆ ရက်ကြာကျင်းပမည့် အားကစားပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် နောက်ဆုံးအကြိမ်အဖြစ် အာရှအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ်တွင် ဟီရိုရှီးမားမြို့၌ ကျင်းပခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ**

## ကွန်ဂို၌ အီဘိုလာကာကွယ်ဆေးထိုးနှံပေးမှုကို အီတူရီပြည်နယ်အထိ တိုးချဲ့လုပ်ဆောင်

**ကင်ရှာဆာ စက်တင်ဘာ ၂၀**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကာကွယ်ဆေးထိုးနှံပေးမှုကို စက်တင်ဘာ ၁၉ ရက်က ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်သော အီတူရီပြည်နယ်အထိ တိုးချဲ့လုပ်ဆောင်ပေးခဲ့ပြီး လူပေါင်း ၃၇၀၀ ကျော်ကို Ervebo ကာကွယ်ဆေးထိုးနှံပေးခဲ့သည်ဟုသိရသည်။

အီတူရီပြည်နယ် မြို့တော် ဘူနီယာတွင် BRAVO ဟု ခေါ်သည့် အီဘိုလာ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လေ့လာမှုကိုပြုလုပ်ခဲ့သည်။ အီတူရီနှင့် မြောက်ကီဗူးပြည်နယ်တို့ရှိ ရှေ့တန်းကျန်းမာရေးလုပ်သား ၂၀၀၀၀ ခန့်ကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားသည်။

အဆိုပါ ပြည်နယ်နှစ်ခုသည် ကူးစက်မှု အများဆုံးဒေသများလည်းဖြစ်သည်။ ထို့နောက် ကာကွယ်ဆေးထိုးထားသူများကို အချိန်ကာလတစ်လျှောက် စောင့်ကြည့်လေ့လာပြီး Ervebo ကာကွယ်ဆေးသည် ဘွန်ဒီဘူဂျို ဗိုင်းရပ်စ်ပေါ် မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်နိုင်သည်ကို အကဲဖြတ်သွားမည်ဖြစ်သည်။

ရောဂါကူးစက်မှုများ ဖြစ်ပွားနေစဉ် နိုင်ငံတကာ ကာကွယ်ဆေး ထောက်ပံ့မှုဆိုင်ရာ ညှိနှိုင်းရေးအုပ်စုသည် Ervebo ကာကွယ်ဆေးအလုံးရေ ၇၀၀၀၀ ကို ဩဂုတ်လအတွင်းက ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ခွဲဝေချထားပေးခဲ့သည်။

ကျန်းမာရေးနှင့် ရှေ့တန်းလုပ်သားများအတွက် အလုံးရေ ၅၀၀၀၀ ခွဲဝေပေးခဲ့ပြီး ကျန် ၂၀၀၀၀ ကို ဘွန်ဒီဘူဂျို ဗိုင်းရပ်စ်အပေါ် ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန် ရည်ရွယ်ထားသည့် အဆင့် ၃ လက်တွေ့စမ်းသပ်မှုအတွက် ချန်လှပ်ထားခဲ့သည်။

**ဆင်ဟွာ**



## ဆစ်ဒနီအနောက်ပိုင်း၌ ဓားထိုးမှုကြောင့် ကလေးတစ်ဦး သေဆုံးပြီး သုံးဦးမှာစိုးရိမ်ရသည့်အခြေအနေတွင်ရှိ

**ဆစ်ဒနီ စက်တင်ဘာ ၂၀**

ဆစ်ဒနီအနောက်ပိုင်း၌ စက်တင်ဘာ ၂၀ ရက်တွင် ဓားထိုးမှုကြောင့်ကလေးတစ်ဦးသေဆုံးပြီး အခြားကလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ စိုးရိမ်ရသည့် ဒဏ်ရာများဖြင့် ဆေးရုံတက်ရောက်လျက်ရှိကြောင်း သိရသည်။

ဆစ်ဒနီမြို့၏ အနောက်ဘက် ၆၀ ကီလိုမီတာအကွာ ဗာလီဟိုက်စ်မြို့ငယ်၌ မော်တော်ယာဉ်တစ်စီးအတွင်း ဓားဒဏ်ရာများရရှိသည့် အမျိုးသမီးတစ်ဦးနှင့် ကလေးသုံးဦးကိုတွေ့ရှိသည်ဟု သတင်းရရှိသဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက သွားရောက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကလေးတစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်းနှင့် အခြားကလေးနှစ်ဦးနှင့် အမျိုးသမီးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိကြောင်း သိရသည်။ ကလေးသုံးဦးစလုံးမှာ အသက်ငါးနှစ်အောက်ဖြစ်ပြီး အဆိုပါအမျိုးသမီးမှာ အသက် ၄၀ ဖြစ်မည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

## ဘာလင်မြို့ရှိ ပြုစုစောင့်ရှောက်ရေးဌာန မီးလောင်မှုကြောင့် ၂၅ ဦး ဒဏ်ရာရ

**ဘာလင် စက်တင်ဘာ ၂၀**

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ပြုစုစောင့်ရှောက်ရေးဌာန၌ စက်တင်ဘာ ၁၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၅ ဦးခန့် ဒဏ်ရာရရှိခဲ့သည်ဟု မြို့တော်မီးသတ်ဌာန၏ ပြောကြားချက်အရ သိရသည်။

ကနဦးစစ်ဆေးချက်များအရ လူနာတစ်ဦး၏အခန်းမှ မီးလောင်မှုစတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအခန်းမှာ မီးလောင်ပျက်စီးသွားခဲ့သည်။

ထို့နောက် ငါးထပ်အဆောက်အအုံတွင် မီးခိုးများ ထူထပ်စွာပျံ့နှံ့သွားခဲ့သည်။ ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရပြီး အဆိုပါငါးထပ်အဆောက်အအုံတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ပါပူအာနယူးဂီနီ၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဟောင်ကောင် စက်တင်ဘာ ၂၀**

ပါပူအာနယူးဂီနီနိုင်ငံ၌ စက်တင်ဘာ ၂၀ ရက်တွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့မြေသိပ္ပံဆိုင်ရာ GFZ ဂျာမန်သုတေသနစင်တာက ပြောကြားသည်။

ငလျင်ဗဟိုချက်မှာ မြေအောက်အနက် ၁၀၄ ဒသမ ၂ ကီလိုမီတာတွင် တည်ရှိပြီး တောင်လတ္တီကျူ ၅ ဒသမ ၈၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၆ ဒသမ ၀၂ ဒီဂရီရှိကြောင်း ကနဦးဆုံးဖြတ်ချက်များအရ သိရသည်။

**ဆင်ဟွာ**



# ဖလမ်းမြို့နေရပ်ပြန်ပြည်သူများအတွက် ကြိုဆိုဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ




**ဖလမ်း စက်တင်ဘာ ၂၀**
ချင်းပြည်နယ် ဖလမ်းမြို့ရှိ နေရပ်ပြန်ပြည်သူများအတွက် ကြိုဆိုဂုဏ်ပြုဖျော်ဖြေပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင် ထူးအယ်လင်းနှင့် ဒေသခံအဆိုရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ဇာဟောင်ယဉ်ကျေးမှုလူငယ်များက ဝါးညှပ်အက၊ ဇာန်ညက်ယဉ်ကျေးမှုအဖွဲ့က ဇာန်ညက်ရိုးရာ ကောက်သစ်စားဒေါင်းပွဲအက၊ လိုင်လွန်ဆွန်ထလာ ရွာသားများက အမဲလိုက်အောင်ပွဲခံ အကများဖြင့်လည်းကောင်း၊ ကျောင်းသူလေးများက ခေတ်ပေါ်အကများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ ဖျော်ဖြေပွဲသို့ ဖလမ်းမြို့ပေါ်နှင့် အနီးအနား ကျေးရွာများမှ ဒေသခံပြည်သူ အများအပြား ပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါဖျော်ဖြေပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဖလမ်းတစ်မြို့နယ်လုံး လူဦးရေ၏ ၇၉ ဒသမ ၇၁ ရာခိုင်နှုန်း နေရပ်ပြန်လာကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များသည် ဖလမ်းမြို့တွင် အခြေချကာ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို အားလုံး အသိဖြစ်ပါကြောင်း၊ "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"ဆိုသည့်ခေါင်းစဉ်ဖြင့် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် မူဝါဒချမှတ်၍ တိုင်းပြည်အေးချမ်းသာယာအောင် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

အဆိုပါ ဖျော်ဖြေပွဲကို ဒုတိယဝန်ကြီးဦးဆောင်သည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖလမ်းမြို့ ဒေသခံလူငယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နေရပ်ပြန်ကာလ လေးလအတွင်း ယခုကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်အား အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နယ်မြေလုံခြုံမှုရှိခြင်းကို ပြသနေကာ နေရပ်ပြန်ပြည်သူများ၏ စိတ်လုံခြုံမှုလည်း များစွာရရှိစေကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မုန့်များ ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၆)

၁။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အရေးပါသော အခြေခံအချက်ဖြစ်ပါသည်။ နိုင်ငံများအကြား ငြိမ်းချမ်းရေးကိုမြှင့်တင်ရန်နှင့် လူသားများအနေဖြင့် ငြိမ်းချမ်းရေး၏ တန်ဖိုးကို သတိပြုမိစေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ငြိမ်းချမ်းရေး၏ အရေးပါမှုကို အလေးထားဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနိဒါန်းတွင် "လူသားအားလုံး၏ မွေးရာပါအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်" ဟု ဖော်ပြထားရာ လူတစ်ဦးချင်းစီ၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာကို လေးစားမှုရှိမှသာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးသည် ပဋိပက္ခကင်းဝေးရုံမျှသာမက လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လက်တွေ့ခံစားနိုင်သည့် လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းဖြစ်ရာ ယခုနှစ် ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"Invest in Peace: For Everyone, Everywhere, Everyday"** နှင့်အညီ လူတိုင်း၊ နေရာတိုင်း၊ နေ့ရက်တိုင်း ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေး မှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတဦးဆောင်လျက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ" (National Solidarity and Peace-making Central Committee)ကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်



## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၀**
(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော် ဦးဆောင်၍ မွန်ပြည်နယ်အကူရဲတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၈၁ ဦးတို့က ယမန်နေ့က မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသူ ရဲတပ်ဖွဲ့ဝင်များအား အားဆေး၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ပဲခူး စက်တင်ဘာ ၂၀**
ပဲခူး တိုင်းဒေသကြီးအတွင်း ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး (Good Aquaculture Practices GAqP) ကျင့်စဉ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ထိုသို့ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူမှုကျင့်စဉ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငါးမွေးမြူရေးကန်များတွင် ကြက်တွဲဖက်ပြီး မွေးမြူခြင်း မရှိစေရေးကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းက လိုင်စင်မရှိတဲ့ ကြက်ခြံတွေ၊ BAP စနစ်နဲ့ GAqP စနစ် အကောင်အထည်ဖော်နေတဲ့ ကြက်ခြံနဲ့ ကျန်တဲ့ကြက်ခြံတွေမှာ ကြက်နဲ့ ငါးကန်တွဲဖက်ပြီး မွေးမြူမှုမရှိအောင်ကြပ်မတ်ဆောင်ရွက်နေတဲ့ အပြင် ရှိခဲ့ရင်လည်း ဖျက်သိမ်းဖို့ အသိပေးထားပြီးပါပြီ။ ငါးမွေးတောင်သူနဲ့ ကြက်မွေးတောင်သူတွေ ထဲထဲဝင်ဝင် သိရှိအောင် အသိပညာပေးသင်တန်း ၁၅ ကြိမ် ဆောင်ရွက်ပေးထားပါတယ်။ ကောင်းမွန်တဲ့ကျင့်စဉ်နဲ့ မွေးမြူထုတ်လုပ်တဲ့ ရေထွက်ကုန်ကို ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အဖြစ် ဆက်လက်တင်ပို့နိုင်အောင် သတ်မှတ်စံနှုန်းနဲ့အညီ မွေးမြူထုတ်လုပ်သွားဖို့ မြို့နယ်အလိုက်လည်း ဟန်ချက်ညီညီ ဆောင်ရွက်နေပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစုမျိုးသွယ်က ပြောသည်။

ငါးမွေးမြူမှုနှင့် ကြက်မွေးမြူရေးကို အဓိကလုပ်ဆောင်နေသည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်များအပေါ် ကြက်ခြံများ ဆောက်၍ ငါးနှင့်ကြက် တွဲဖက်မွေးမြူမှုကို တားမြစ်ထားပြီး နေပြည်တော်၊ စစ်ကိုင်း၊ မကွေး၊ ရှမ်း၊ ချင်း၊ ကချင်၊ ရခိုင်နှင့် ကယားပြည်နယ်တို့ရှိ ငါးမွေးမြူရေးလုပ်ငန်းတည်ရှိရာ ဒေသများတွင်လည်း ထိုသို့ မွေးမြူထုတ်လုပ်ခြင်း မပြုရန် တားမြစ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးမွေးမြူရေး ကန်များအတွင်း ကြက်ခြံများတည်ဆောက်၍ တွဲဖက်မွေးမြူမှုမပြုရန်၊ အခြား တိရစ္ဆာန်များနှင့်လည်း တွဲဖက်မွေးမြူခြင်း မပြုရန်၊ ငါးကန်ပေါ်၌ ကြက်ခြံအသစ်များ တည်ဆောက်ခြင်း မပြုရန်နှင့် တည်ရှိပြီးသည့် ကြက်ခြံအဟောင်းများကိုလည်း ပြန်လည်ပြုပြင်ခြင်းမပြုရန် အသိပေးထားပြီး ငါးမွေးတောင်သူများ မွေးမြူရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရန်နှင့် ကောင်းမွန်သော ကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာ ဒေသအလိုက် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းတို့မှ နှစ်စဉ် ရေထွက်ကုန်များ မွေးမြူထုတ်လုပ်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ်၌ ရေထွက်ကုန်ပိဿာချိန် ထောင်ပေါင်း ၃၀၆၄၆၆ ဒသမ ၄၇၈ ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပသို့ ရေချိုငါးများတင်ပို့ရာတွင် အကောင်းဆုံးငါးမွေးမြူရေးကျင့်စဉ် (Best Aquaculture Practices – BAP)နှင့် သန့်ရှင်းကောင်းမွန်သော (Good Aqua-culture Practices GAqP)ကျင့်စဉ်တို့မှ မွေးမြူထုတ်လုပ်သည့် ရေထွက်ကုန်များကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိပြီး သန့်ရှင်းလတ်ဆတ်မှုနှင့် အရည်အသွေးကောင်းမွန်မှုကြောင့် ခိုင်မာသော ဈေးကွက်ရရှိထားကြောင်း သိရသည်။ **သစ္စာ(MNA)၊ ဓာတ်ပုံ-ဖွဲ့မာန်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**
မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ငါး၊ ပုစွန်လုပ်ငန်းများရှိရာ တွံတေးမွေးမြူရေးဇုန်သို့ ခရီးတစ်ခေါက်

ကိုရွှေမန်း

**ငါး၊ ပုစွန် မွေးကန် အများဆုံးခရိုင်**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်သည် လုပ်ငန်းရှင်ဦးရေ ၄၁၀၂ ဦးက ငါး/ပုစွန် မွေးမြူရေး ကေပေါင်း ၅၃၀၅၇ ဒသမ ၅၈ ဧက ဆောင်ရွက်ထားရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါး/ ပုစွန် မွေးမြူရေး စုစုပေါင်းဧက ၁၁၈၇၈၀ ဒသမ ၄၁ ဧကရှိပြီး နှစ်စဉ် မွေးမြူရေးငါးထုတ်ကုန် တန်ချိန် ၄၄၅၂၄၄ တန်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ ဒသမ ၄ သန်းအတွက် မွေးမြူရေးငါးရိက္ခာဖူလုံမှုမှာ ၅၄၄ ဒသမ ၇၁ ရာခိုင်နှုန်းရှိသဖြင့် နိုင်ငံအနှံ့အပြားသို့ လည်းကောင်း၊ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရပါသည်။

မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းအတွက် အလယ်အလတ်အဆင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် ငါးလုပ်ငန်းအတတ်သင်သိပ္ပံ တွံတေးကျောင်းကြီးကိုလည်း ဖွင့်လှစ်ထားခြင်းနှင့် တွံတေးမွေးမြူရေးဇုန် တည်ထောင်ထားသည့်အတွက် ကိုရွှေမန်းတို့အဖွဲ့သည် တွံတေးမြို့နယ်သို့ စက်တင်ဘာ ၅ ရက်နေ့တွင် ခရီးထွက်ခွာခဲ့ကြပါသည်။ တွံတေးသို့သွားရန် လမ်းကြောင်း နှစ်ခုရှိသည့်အနက် အသစ်တည်ဆောက်ပြီးစီးသည့် ဒလတံတားကြီးမှ ဖြတ်ကျော်ခရီးသွားရန် ရွေးချယ်ခဲ့ပါသည်။

**ဒလတံတား**

မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားသည် မြန်မာနိုင်ငံရှိ သံမဏိကြိုးဆိုင်း တံတားများအနက် ရေလမ်းကင်းလွတ်နယ် အမြင့်ဆုံးတံတားဖြစ်ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်ထားသည့် တံတားဖြစ်ပါသည်။ ရေလယ်တိုင်နှစ်တိုင်ပါဝင်ပြီး ရေလမ်းကင်းလွတ်အမြင့်ပေ ၁၆၀၊ အကျယ်ပေ ၉၉၀ ရှိပါသည်။ တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများ၊ ပြည်တွင်းရေကြောင်းသွားသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ပါသည်။

တံတားအရှည် ၆၁၂၇ ပေ၊ ပင်မတံတားအရှည် ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၈၉၁ ပေ၊ ဒလဘက်ခြမ်းချဉ်းကပ်တံတားအရှည် ၁၉၇၂ ပေ၊ အမြင့် ၄၃၉ ပေ၊ ရေအနက် ၃၉၃ ပေ၊ ယာဉ်လမ်းလေးလမ်းသွား ပါရှိပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဖွင့်ပွဲကျင်းပခဲ့ပါသည်။ တံတားပေါ်မှ မျှော်ကြည့်ရာတွင် ရန်ကုန်မြစ်အတွင်း သွားလာခုတ်မောင်းနေသည့် စက်တပ်ငှက်သမ္ဗန်လှေလေးများ၊ ငါးဖမ်းသင်္ဘောများ၊ ပင်လယ်ကူးသင်္ဘောကြီးများ၊ ကုန်တင်သင်္ဘောကြီးများ ဝင်/ထွက်သွားလာနေကြပြီး ဆိပ်ကမ်းအသီးသီးရှိ ဆိုက်ကပ်ထားသော ကုန်တင်သင်္ဘောကြီးများနှင့် ကုန်လှောင်ရုံကြီးများသည် ဝန်ချီစက်ကြီးများဖြင့် အသက်ဝင်လှုပ်ရှားလျက်ရှိနေသည်ကို တွေ့မြင်ရပါသည်။

လက်ယာဘက်ယွန်းယွန်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်သွယ်ရာ တွံတေးတူးမြောင်းကြီးကို တွေ့မြင်ရပြီး ယင်းတိုင်းဒေသကြီးနှစ်ခုသည် ယခုအခါ ကုန်းလမ်းခရီးဖြင့် လွယ်လင့်တကူသွားလာနိုင်ပြီဖြစ်သော်လည်း တွံတေးတူးမြောင်းကြီးသည် မူလရေကြောင်းတာဝန်ကို ထမ်းဆောင်နေဆဲဖြစ်ကြောင်း တွေ့ရသည်။ လက်ဝဲဘက်တွင် သံလျက်စွန်းရှိရာအရပ်ကို မှန်းဆ၍ မြင်နိုင်ပေသည်။

တံတားမှ ဆင်းပြီးနောက် စိမ်းစိုသော





ရေချိုပုစွန်တုပ်ကြီးသားပေါက်များ မွေးမြူပြုစုထားမှုမှတ်တမ်းရယူခြင်း။

**မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးဧက ၂၅၂၄၁၅ ဒသမ ၄၇၃၊ ပုစွန်မွေးမြူရေးဧက ၂၄၄၂၈၆ ဒသမ ၃၉ နှင့် ကဏန်းမွေးမြူရေးဧက ၂၂၃၃ ဒသမ ၉၄ ရှိပြီး မွေးမြူရေး ငါးပုစွန်ထုတ်လုပ်မှုမှာ တန်ချိန်ထောင်ပေါင်း ၁၁၆၇ ဒသမ ၃၅ ဖြစ်ရာ ငါး / ပုစွန် ထုတ်လုပ်မှု စုစုပေါင်းတန်ချိန်ထောင်ပေါင်း ၆၀၇၄ ဒသမ ၈၂ ထုတ်လုပ်မှု၏ ၁၉ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း သိရ**

လယ်ကွင်းပြင်များနှင့် ရေလွှာဖွေးဖွေးငါးကန်များကို ဖြတ်ကျော်ပြီးနောက် တံတွေးမွေးမြူရေးဇုန်ရှိရာသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ဤနေရာ၊ ဤဒေသသည် မြေနိမ့်ပိုင်း ရေဝင်ရောက်ရာလွင်ပြင်များ၊ ဥယျာဉ်ခြံမြေကုန်းတန်းများ ရောယှက်လျက်ရှိသည့်ဒေသဖြစ်သည်ကို သတိထားမိသည်။ လွင်ပြင်များတွင် စိမ်းလန်းစိုပြည်သော စပါးခင်းများနှင့် ကုန်းတန်းများတွင် ရော်ဘာခြံများ၊ စနစ်တကျစိုက်ပျိုးထားသည့် ဝါးရုံပင်များ၊ ဒူးရင်းနှင့် ကျွဲကောခြံများကို အစီအရီတွေ့ရသည်။

**တွံတေးမွေးမြူရေးဇုန်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တွံတေးမွေးမြူရေးဇုန်လည်းအပါအဝင် ဖြစ်ပါသည်။ တွံတေးမွေးမြူရေးဇုန်သည် ၅၈၁ ဒသမ ၅၄ ဧကရှိပြီး အပိုင်းသုံးပိုင်း သတ်မှတ်ကာ လုပ်ငန်းရှင် ၉၉ ဦးမှ ဥစားကြက်၊ အသားတိုးကြက်၊ ဒေသန္တွား၊ နို့စားနွား၊ ဝက်၊ ဆိတ်၊ ငါး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆက်လက်၍ အဒွန်းကျေးရွာရှိ ဦးမြင့်အေး၏ ပုဂ္ဂလိကငါးသားဖောက်စခန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

**ပုဂ္ဂလိက ငါးသားဖောက်စခန်း**

ဦးမြင့်အေးသည် အသက် ၆၀ ခန့်ရှိ လုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။ ငါးမြစ်ချင်း၊ ငါးခေါင်းပွငါးမျိုးများကို အဓိကအားဖြင့် သားပေါက်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချကြောင်း၊ တစ်နှစ်ထုတ်လုပ်မှု ငါးမှုန်ကောင်ရေ သိန်း ၂၀၀၀ ထုတ်လုပ်ကြောင်း သိရပါသည်။ ငါးမြစ်ချင်းမျိုးဗီဇမြှင့်တင်ရေးလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာန သားဖောက်စခန်းများမှ ဆောင်ရွက်၍ မျိုးဗီဇမြှင့်တင်ပြီး မျိုးငါး Breeder များ ဖြန့်ဖြူးပေးပါက အရည်အသွေးပြည့်မီသည့် ငါးသားပေါက်များ ဖြန့်ဖြူးရေးနှင့် ငါးမြစ်ချင်း မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းပြပါသည်။ တွံတေးမြို့နယ်တွင် ပုဂ္ဂလိက ငါးသားဖောက်စခန်း သုံးခုရှိကြောင်း သိရပါသည်။ ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန တွံတေးငါးလုပ်ငန်းစခန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

**တွံတေးငါးလုပ်ငန်းစခန်း**

တွံတေးငါးလုပ်ငန်းစခန်းသည် ၇၆ ဧကကျယ်ဝန်းပြီး ငါးမွေးကန် ၃၈ လုံးဖြင့် ငါးမွေးတောင်သူများသို့ ငါးသားပေါက်များ ဖြန့်ဖြူးရောင်းချပေးနေသည့် ငါးလုပ်ငန်းဦးစီးဌာနပိုင်စခန်းတစ်ခု ဖြစ်ပါသည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၇၅ သိန်း ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ ငါးမျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် မျိုးဗီဇမြှင့်တင်ခြင်းလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည့်အပြင် တိုင်းရင်းမျိုးထိန်းသိမ်းခြင်းလုပ်ငန်းအနေဖြင့် ရေချိုပုစွန်တုပ်ကြီးသားပေါက်များ မွေးမြူပြုစုထားသည်ကို တွေ့ရှိရပါသည်။ ၂၀၂၇-၂၀၂၈ လုပ်ငန်းရာသီတွင် မျိုးပုစွန်များအဖြစ် အသုံးပြု သားဖောက်ထုတ်လုပ်သွားမည်ဖြစ်ပြီး ငါးမွေးတောင်သူများသို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းသည် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာအောင်လက်မှတ် အပ်နှင်းမည့်သိပ္ပံကျောင်း ဖြစ်ပါသည်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သုံးနှစ်သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ် ရရှိမည်ဖြစ်သည့်အပြင် သတ်မှတ်အရည်အချင်းပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ်တွင် B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည် ဖြစ်ပါသည်။

**တည်နေရာအကျယ်အဝန်း**

ရန်ကုန်မြို့မှ ၂၆ ဒသမ ၉၅၆ ကီလိုမီတာအကွာအဝေး တွံတေး-မအူပင်ကားလမ်း၊ တွံတေးခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနှင့် မြဂိုးကျေးရွာအကြားတွင် တည်ရှိပြီး ဧရိယာ ၉၂ ဒသမ ၈၄၆ ဧက ကျယ်ဝန်းရှိပါသည်။ ငါးလုပ်ငန်းသိပ္ပံ(တွံတွေး) တည်ဆောက်ဖွင့်လှစ်ရခြင်းတွင် ရည်ရွယ်ချက် ငါးချက်ရှိသည်။

(က) မြန်မာနိုင်ငံတွင်း ငါး/ပုစွန် မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် ငါး/ပုစွန်မွေးမြူရေးအတတ်ပညာရှင်များ မွေးထုတ်ပေးရန်။

(ခ) ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားသော တက္ကသိုလ်ဝင်တန်းအောင်လူငယ်များအတွက် အဓိကဘာသာရပ်တစ်ခုအဖြစ် စာတွေ့ လက်တွေ့ လေ့လာပညာ သင်ကြားနိုင်သည့် အခွင့်အလမ်းရရှိလာနိုင်စေရန်နှင့် ပညာရပ်နှင့်ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်စေရန်။

(ဂ) မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းသစ်များရရှိ ဖော်ဆောင်နိုင်ရေး အစီအစဉ်များတွင် အထောက်အကူပြု ပါဝင်ဆောင်ရွက်သွားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်စေရန်။

(ဃ) ရေနေပတ်ဝန်းကျင်၊ ရေပြင်ရှိ သက်ရှိအပင်နှင့် သတ္တဝါများ၏ ဇီဝဗေဒနှင့် ဂေဟစနစ်၊ ရေသယံဇာတအရင်းအမြစ်နှင့် ၎င်းတို့၏ ထုတ်လုပ်ခြင်း၊ ရေနေသက်ရှိများ၏ ဓာတုဓာတ်များပါဝင်မှုနှင့် ၎င်းတို့အား အသုံးပြုခြင်းဆိုင်ရာ အခြေခံပညာရပ်များ နားလည်သိရှိစေရန်။

(င) ရေငန်ငါးလုပ်ငန်း အထောက်အကူဖြစ်စေရန် ရေငန်ပတ်ဝန်းကျင်၊ ရေငန်သက်ရှိများ၏ ဇီဝ၊ ဓာတုပါဝင်မှုများနှင့် ရေငန်သယံဇာတထိန်းသိမ်းရေးပညာရပ်အား လေ့လာသိရှိနိုင်ရန်ဖြစ်သည်။

**မွေးမြူရေးလုပ်ငန်းများကို စိတ်အားထက်သန်လာကြ**

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးဧက ၂၅၂၄၁၅ ဒသမ ၄၇၃၊ ပုစွန်မွေးမြူရေးဧက ၂၄၄၂၈၆ ဒသမ ၃၉ နှင့် ကဏန်းမွေးမြူရေးဧက ၂၂၃၃ ဒသမ ၉၄ ရှိပြီး မွေးမြူရေးငါးပုစွန်ထုတ်လုပ်မှုမှာ တန်ချိန်ထောင်ပေါင်း ၁၁၆၇ ဒသမ ၃၅ ဖြစ်ရာ ငါး/ပုစွန် ထုတ်လုပ်မှု စုစုပေါင်း တန်ချိန် ထောင်ပေါင်း ၆၀၇၄ ဒသမ ၈၂ ထုတ်လုပ်မှု၏ ၁၉ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း သိရသည်။

သို့ရာတွင် အဆိုပါထုတ်လုပ်မှုမှာ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေး စုစုပေါင်းဧက ၄၉၈၉၃၆ တို့မှ ထုတ်လုပ်ခြင်းဖြစ်ရာ မွေးမြူရေးလုပ်ငန်းများတွင် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လျက်ရှိသည့်အတွက် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၉ ဦး တက်ရောက်ခဲ့ရာ ၂၈-၂-၂၀၂၆ ရက်နေ့တွင် ပထမအကြိမ် ဒီပလိုမာအောင်လက်မှတ် အပ်နှင်းခြင်း အခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ပထမနှစ်သင်တန်းသား ၉၆ ဦး၊ ဒုတိယနှစ်သင်တန်းသား ၄၃ ဦး၊ တတိယနှစ်သင်တန်းသား ၅၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရပါသည်။

**ငါးလုပ်ငန်းသိပ္ပံကျောင်း (တွံတေး)**

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံကိန်းဂဏန်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံကိန်းရေးဆွဲကာ ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါသည်။ ဒလတွံတေးနယ်မြေတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မွေးမြူရေးဇုန်နှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း သွားရောက်လေ့လာပြီး ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၅၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
- (စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
- (ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
- (ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၅၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
- (စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
- (ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
- (ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်
- (စ) အထူးဆု(၁) ၂၀၀,၀၀၀ ကျပ်
- (ဆ) အထူးဆု(၂) ၂၀၀,၀၀၀ ကျပ်
- (ဇ) အထူးဆု(၃) ၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ကျောက်တံခါးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ကျောက်တံခါး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့ နံနက်ပိုင်းက ထီးလပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးသန့်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းစိုးတို့က လူငယ်များ သိသင့်သိထိုက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အသိပညာပေး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**မျိုးမင်း(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေ သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Forming Adjectives (နာမဝိသေသနဖွဲ့စည်းပုံ) အကြောင်းကို ပိုပြီးနားလည်သွားစေဖို့ လေ့ကျင့်ခန်းများနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် Adjectival Phrases (နာမဝိသေသနစကားစုများ) ကိုလည်း ဖော်ပြလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk on the phone–1 (ဖုန်းဘယ်လိုပြောမလဲ) ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

| Words | Adjectives |
|---|---|
| trouble (ဒုက္ခ၊ ပြဿနာ) | troublesome (ဒုက္ခပေးသော၊ စိတ်အနှောင့်အယှက်ပေးသော) |
| truth (အမှန်တရား) | truthful (စစ်မှန်သော၊ မှန်ကန်သော) |
| value (တန်ဖိုး) | valuable (တန်ဖိုးကြီးသော) |
| victory (အောင်မြင်ခြင်း) | victorious (အောင်နိုင်သော) |
| war (စစ်ဖြစ်ချိန်၊ စစ်ပွဲ) | warlike (ရန်ပြုလိုသော၊ စစ်ရေးနှင့်ဆိုင်သော) |
| water (ရေ၊ ရေထု) | watery(ရေပါသော၊ရေပေါများသော) |
| wave (လက်ပြခြင်း၊ လှိုင်းလုံး) | wavy (ကောက်လိမ်သော) |
| west (အနောက်အရပ်) | western (အနောက်တိုင်း၊ အနောက်ခြမ်း) |
| winter (ဆောင်းရာသီ) | wintry (ဆောင်းနှင့်တူသော) |
| wisdom (ဉာဏ်ပညာ) | wise (ဉာဏ်ပညာရှိသော၊ အမြော်အမြင်ရှိသော) |
| wood (သစ်သား) | wooden (သစ်သားနှင့်လုပ်ထားသော) |
| wool (သိုးမွေး) | woollen (သိုးမွေးနှင့်ပြုလုပ်ထားသော) |
| year (တစ်နှစ်) | yearly (နှစ်စဉ်၊ နှစ်တိုင်း) |
| youth (ငယ်ရွယ်နုပျိုခြင်း၊ လူငယ်) | young (ငယ်ရွယ်သော) |

ဒီလိုမျိုးပြောင်းလဲပုံတွေကို နားလည်သွားပြီဆိုရင် အောက်မှာပေးထားတဲ့လေ့ကျင့်ခန်းလေးတွေကို ဖြေကြည့်ပါအုံး။

**Exercise (1) Fill in the blanks with adjectives formed from the words in brackets.**

**e.g. I had a very …………… holiday. (enjoy)**

**I had a very enjoyable holiday.**

1. The natives of this island are a …………… people. (war)
2. The equator is an …………… line around the earth. (imagine)
3. My brother is a …………… boy. (truth)
4. Mr Smith is a …………… explorer. (fame)
5. That chair is …………… to sit on. (comfort)
6. This racing car has a …………… engine. (power)
7. Dogs are the most …………… animals. (faith)
8. The rose is a …………… flower. (beauty)
9. Girls are more …………… than boys. (talk)
10. Baohua is a good scout. He is very …………… (help).
11. I like her because she is a …………… girl. (please)
12. His two sons are still very …………… (youth).

### Adjectival Phrases (နာမဝိသေသနစကားစုများ)

နာမဝိသေသန နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုပြီး ပါဝင်တဲ့ စကားစုကို Adjectival Phrases (နာမဝိသေသနစကားစု) လို့ ခေါ်ပါတယ်။ Adjectival Phrases (နာမဝိသေသနစကားစု) တွေကို Verb (ကြိယာ) ရဲ့နောက်မှာ ထားနိုင်သလို Noun (နာမ်) တွေရဲ့ ရှေ့ကလည်းထားပြီး သုံးနိုင်ပါတယ်။ ဥပမာ–

– My new teacher is kind and understanding.

– My rich, generous uncle always lets me drive his car.

ပထမဝါကျမှာ Verb to be လို့ခေါ်တဲ့ is ရဲ့နောက်မှာ "kind and understanding" ဆိုတဲ့ Adjective (နာမဝိသေသန) စကားလုံး နှစ်လုံးကို and နဲ့ဆက်ပြီး သုံးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလိုမျိုး Adjective (နာမဝိသေသန) စကားလုံးတွေကို "and" နဲ့ဆက်ပြီး သုံးထားတဲ့ပုံစံကို Adjectival Phrases (နာမဝိသေသနစကားစု) လို့ ခေါ်တာ ဖြစ်ပါတယ်။

ဒုတိယဝါကျမှာလည်း "rich" နဲ့ "generous" ဆိုတဲ့ Adjective (နာမဝိသေသန) စကားလုံးနှစ်လုံးကို "," ခံပြီး သုံးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီ Adjective (နာမဝိသေသန) စကားလုံးတွေကိုတော့ "uncle" ဆိုတဲ့ Noun (နာမ်) ရဲ့ရှေ့မှာ သုံးထားတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုးသုံးထားတဲ့ပုံစံကို Adjectival Phrases (နာမဝိသေသနစကားစု) လို့ခေါ်တာ ဖြစ်ပါတယ်။

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **black and blue = (ဒဏ်ရာအပြည့်)**

   He was black and blue after the fall.

   သူပြုတ်ကျပြီးနောက် ဒဏ်ရာအပြည့်ပဲ။

2. **black sheep = (မိသားစု၏ ပြဿနာအိုး)**

   He's the black sheep of the family.

   သူက မိသားစုရဲ့ ပြဿနာအိုးပဲ။

3. **Blank check = (လုပ်ပိုင်ခွင့်အပြည့်အဝ)**

   She gave me a blank check.

   သူ (မ) ကကျွန်တော့်ကို လုပ်ပိုင်ခွင့် အပြည့်အဝပေးခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk on the phone – 1 (ဖုန်းဘယ်လိုပြောမလဲ)

ဒီတစ်ခါမှာတော့ ဖုန်းပြောဆိုတဲ့အခါ informal နဲ့ formal ရဲ့ ကွဲပြားခြားနားပုံလေးတွေကို တင်ပြထားပါတယ်။ Informal မှာ ဘယ်ပုံဘယ်နည်း ပြောဆိုရမလဲ၊ Formal မှာ ဘယ်ပုံဘယ်နည်း ပြောဆိုရမလဲ ဆိုတာတွေကို ဖော်ပြလိုက်ပါတယ်။

*How to make informal phone calls*

*who's that?*

*It's …*

*Listen:*

*Cheers for the invite..*

၁။ Informal ပြောတဲ့အခါ ဘယ်သူလဲလို့မေးရင် Who's that? နဲ့တန်းမေးနိုင်ပါတယ်။

၂။ အဲဒီလိုမေးတဲ့အခါမှာ ကိုယ်ဘယ်သူဆိုပြီး ပြောတဲ့အခါမှာ It's … ဘယ်သူဘယ်ဝါ စသည်ဖြင့် ပြောနိုင်ပါတယ်။

၃။ အစီအစဉ်တစ်ခုခုအကြောင်း ပြောတော့မယ်ဆိုရင် လိုတိုရှင်းပုံစံနဲ့ ဟဲ့နားထောင်စမ်း 'Listen' ဆိုပြီး ပြောနိုင်ပါတယ်။

၄။ ငါ့ကိုဖိတ်တဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောရင်တော့ Cheers for the invite ဆိုပြီး ပြောနိုင်ပါတယ်။

**Lewis:** Phone Ringing (Hello?)

**Kasia:** Lewis, hi!

**Lewis:** Sorry, who's that?

**Kasia:** It's Kasia!

**Lewis:** Oh, hi! Sorry, didn't have your number saved.

**Kasia:** No worries. Listen: some of us are going rafting this weekend. Do you want to come?

**Lewis:** Wow, that sounds great! Yeah, sure.

**Kasia:** Brilliant! I'll text you the details.

**Lewis:** Okay, cheers for the invite, see you then I guess.

**Kasia:** Bye!

*How to make formal phone calls*

*Could I speak to …*

*Who's calling, please.*

*I'm afraid …*

*Is there anything else?*

၁။ ဘယ်သူနဲ့ဖုန်းပြောချင်လို့ပါဆိုပြီး ပြောချင်ရင်တော့ Could I speak to … ဆိုပြီး သုံးနိုင်ပါတယ်။

၂။ ဘယ်သူခေါ်တယ်လို့ ပြောလိုက်ရမလဲ။ ဒါမှမဟုတ် ဘယ်သူပါလဲဆိုပြီး မေးရင်တော့ Who's calling please ဆိုပြီး ပြောပါတယ်။

၃။ သူတွေ့ချင်တဲ့သူက မရှိတာမျိုး၊ ဒါမှမဟုတ် မအားလို့ နောက်မှ ဖုန်းပြန်ဆက်ဖို့ပြောရင် စကားပလ္လင်အနေနဲ့ အားနာပါတယ်ဆိုပြီး ပြောလေ့ရှိပါတယ်။ အင်္ဂလိပ်မှာတော့ ' I'm afraid ' ဆိုပြီး ပြောပါတယ်။

၄။ နောက်ထပ်ဘာရှိဦးမလဲဆိုပြီး မေးရင်တော့ Is there anything else? ဆိုပြီး မေးနိုင်ပါတယ်။

**Kasia:** Good afternoon, WLC English, how can I help you?

**Lewis:** Hello, could I speak to Michael Hart, please?

**Kasia:** Who's calling, please?

**Lewis:** My name is Lewis and I'm calling concerning a proposal which Mr Hart sent to me.

**Kasia:** One moment, please. I'm afraid he's not available right now. Would it be alright for him to call you back in about 30 minutes?

**Lewis:** Yes, that would be fine.

**Kasia:** And does he have your number?

**Lewis:** Yes, he called me last week, so he must have it.

**Kasia:** That's fine. He'll call you in half an hour or so. Is there anything else I can do for you?

**Lewis:** No, that's all. Thank you for your help.

**Kasia:** You're welcome. Thanks for calling, and have a nice day!

**Lewis:** And to you, Goodbye!

**Language Focus**

ဖုန်းဆက်ရတဲ့အကြောင်းရင်းကို ပြောဆိုချင်ရင်တော့ အောက်မှာဖော်ပြထားတဲ့ စကားစုတွေထဲက တစ်ခုလောက် ပြောရင်ရပါပြီ။

I'm calling concerning …

I would like to ask about …

I wanted to discuss … with you.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။



## စပိန်ကို ကမ္ဘာ့ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ဖွန်တေး ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးမည်

စပိန်အသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့် နည်းပြ လူးဝစ်ဒီလာဖွန်တေးကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရာအူးလ် လိုဇန်က ထုတ်ပြန်ကြေညာလိုက်သည်။

သက်တမ်းတိုးစာချုပ်ကြောင့် ဖွန်တေးသည် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆက်လက်တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။ ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို စပိန်နိုင်ငံက ပေါ်တူဂီ၊ မိုရိုကိုအသင်းတို့နှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။

ဖွန်တေးသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် လူးဝစ်အင်းနရစ်၏ နေရာကို အစားထိုးခန့်အပ်ခံခဲ့ရခြင်းဖြစ်ပြီး ၂၀၂၃ နေးရှင်းလိဂ်ပြိုင်ပွဲနှင့် ယူရို ၂၀၂၄ ပြိုင်ပွဲတို့တွင် ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင် ယခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် နာမည်ကြီး အာဂျင်တီးနားကို အနိုင်ယူကာ ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်သည်။ စပိန်အသင်းသည် နေးရှင်းလိဂ်အဖွင့်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၇ ရက်တွင် နာမည်ကြီး အင်္ဂလန်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

## နှစ်ယောက်တွဲ ဂရင်းဆလမ်းချန်ပီယံ ခြောက်ကြိမ်ရ ဂျိုးဆောလစ်ဘရီ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝမှ အနားယူ




နှစ်ယောက်တွဲပြိုင်ပွဲတွင် ဂရင်းဆလမ်းချန်ပီယံဆုကို ခြောက်ကြိမ်အထိ ဆွတ်ခူးရရှိထားသည့် အသက် ၃၄ နှစ်အရွယ် ဗြိတိန်တင်းနစ်အကျော်အမော် ဂျိုးဆောလစ်ဘရီသည် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် ယခုလအတွင်း ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းတင်းနစ်အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် နောက်ဆုံးပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၎င်း၏နှစ်ရှည်လက်တွဲဖော်ဖြစ်သည့် ရာဂျီးဗ်ရမ်နှင့်အတူ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။ ရာဂျီးဗ်ရမ်သည်လည်း ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဆောလစ်ဘရီနှင့် ရမ်တို့သည် ၂၀၂၃ ခုနှစ်တွင် ယူအက်စ်အိုးပင်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် သုံးနှစ်ဆက်ဖလားဆွတ်ခူးနိုင်သည့် သမိုင်းတစ်လျှောက် ပထမဆုံးအတွဲအဖြစ် မှတ်တမ်းရေးထိုးထားသည်။ ထို့ပြင် ၎င်းသည် Open era တွင် ဗြိတိန်၏ အအောင်မြင်ဆုံး အမျိုးသားနှစ်ယောက်တွဲ တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းတင်ထားသူ ဖြစ်သည်။

၎င်းသည် ၂၀၂၀ ဩစတေးလျအိုးပင်းပြိုင်ပွဲတွင် ရမ်နှင့်အတူ ဖလားဆွတ်ခူးထားပြီး အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ဒက်ဇီရေး ခရော့ချစ်ခ်နှင့်အတူ ချန်ပီယံဆု နှစ်ကြိမ်ဆွတ်ခူးထားကြောင်း သိရသည်။



## ပီတာဘရော့က ဝီလီယံကို နည်းပြအဖြစ်မှ ထုတ်ပယ်

လိဂ်ဝမ်းကလပ် ပီတာဘရော့အသင်းသည် စက်တင်ဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ဝမ်းပွဲစဉ် (၇) တွင် ဒွန်ကက်စတာကို နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် လုခ်ဝီလီယံကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ လိဂ်ဝမ်း ခုနစ်ပွဲတွင် တစ်ပွဲသာ နိုင်ပွဲ ရရှိအောင်စွမ်းဆောင်ထားပြီး ရမှတ် ငါးမှတ်ဖြင့် အဆင့် (၂၃) တွင်သာ ရပ်တည်ထားနိုင်သည်။ ၎င်းသည် ယမန်နှစ်အောက်တိုဘာလတွင် ပီတာဘရော့အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပွဲပေါင်း ၄၇ ပွဲတွင် ၁၈ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

## Guadalajara Open ဖလား အီဗာဂျိုဗစ် နှစ်ကြိမ်ဆက် ဆွတ်ခူး



အသက် ၁၈ နှစ်အရွယ် အမေရိကန်တင်းနစ်မယ် အီဗာဂျိုဗစ်သည် Guadalajara Open တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက်တင်းနစ်မယ် ပေတန်စတန်းမ်ကို ၆-၄၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နှစ်ကြိမ်ဆက် ဖလားဆွတ်ခူးနိုင်ခဲ့ ကြောင်း သိရသည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။ ဂျိုဗစ်သည် ယခုပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သောကြောင့် ဒဗလျူတီအေအဆင့် သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် (၁၃) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။ ထို့ပြင် ၎င်းသည် ပီဂူလာ၊ ကိုကိုဂေါ့ဖ်၊ အနီဆီမိုဗာတို့ပြီးနောက် စတုတ္ထမြောက် အမြင့်ဆုံး အမေရိကန်တင်းနစ်မယ်ဖြစ်လာကြောင်း သိရသည်။

၎င်းသည် ယမန်နှစ် Guadalajara Open ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင်လည်း ကိုလံဘီယာတင်းနစ်မယ် အမ်လီယာနာ အာရန်ဂိုကို ၆-၄၊ ၆-၁ ရလဒ်ဖြင့် အနိုင်ရဗိုလ်စွဲထားသူ ဖြစ်သည်။

## ဒဏ်ရာကြောင့် စပိန်ခံစစ်ကစားသမား ပေါ်ရို နေးရှင်းလိဂ်ကစားသမားစာရင်းမှ နုတ်ထွက်



စပိန်ညာခံစစ် ကစားသမား ပက်ဒရိုပေါ်ရိုသည် ဒဏ်ရာကြောင့် အင်္ဂလန်၊ ခရိုအေးရှား၊ ချက်ဖ် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် နေးရှင်းလိဂ်ပွဲစဉ်များ မတိုင်မီ ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် စပိန်အသင်း၏ ခံစစ်ပိုင်းတွင် ပထမဦးစားပေးကစားသမားဖြစ်သော ပေါ်ရိုသည် စက်တင်ဘာ ၁၉ ရက်တွင် စပါးက အက်စ်တွန်ဗီလာကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် ပေါ်ရိုသည် ယမန်နှစ်တွင် စပါးအသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၄၇ ပွဲပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းကာ ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်ထားသည်။

■ မိုးဇက်-စုစည်းရေးသားသည်

## ဘာစီလိုနာက ရာဖင်ညာ၏ ဟက်ထရစ်ဂိုးဖြင့် ဆီဗီလာကို အနိုင်ရ



စပိန်လာလီဂါပွဲစဉ် (၇) အဖြစ် စက်တင်ဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဆီဗီလာနှင့် ဘာစီလိုနာအသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက တိုက်စစ်ကစားသမား ရာဖင်ညာ၏ ဟက်ထရစ်သွင်းဂိုးကြောင့် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ရာနှုန်းပြည့်နိုင်ပွဲရလဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ရာဖင်ညာသည် စက်တင်ဘာ ၁၇ ရက်က လာလီဂါပွဲစဉ် (၆) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ရေဆင်းနှင့်ပွဲစဉ်တွင်လည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် လိဒ်စ်အသင်းမှ ဘာစီလိုနာသို့ ပြောင်းရွှေ့ရောက်ရှိလာသော ရာဖင်ညာသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၁၄ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲရလဒ်ကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကို ခြောက်မှတ် ဖြတ်တောက်ထားနိုင်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် အဆိုပါ ခုနစ်ပွဲတွင် သွင်းဂိုး ၃၁ ဂိုးအထိ ရှိလာပြီလည်း ဖြစ်သည်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်း ဆီများ စားသုံးခြင်းကို လုံးဝ ရှောင်ကြဉ်ပါ


## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၂)၊ ဦးပိုင်အမှတ် (၆၃)၊ ၅၈x ၅၉ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှောက်ဆုံး(ခ)ထွေးထွေးခိုင် ၁၃/လရန(နိုင်)၀၆၁၀၇၃ ၏ (SP ရရှိသူ ဒေါ်ဝင်းဝင်းအေး)က အမှုတွဲအမှတ် (၂၄၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ဒ-၁၂၊ ဦးပိုင်အမှတ် ၄၇၊ ၃၉ x ၄၀ကြား၊ ၆၂x၆၃လမ်းကြားရှိ ဂ ရန်မြေကွက်အမည်ပေါက်သူ ဦးပေါက် ၅/မမတ(နိုင်) ၀၁၃၇၄၄၊ MMU-၀၆၃၃၉၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၀၅/၂၀၀၂)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဒေါ်အေးအေးမော် ၁၄/ပသန(နိုင်) ၀၄၁၈၄၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၄၁၅-S၊ ဦးပိုင်အမှတ် ၁၄-စ/၁)၊ ၈၆x၈၈ ကြား၊ ၁၁x၁၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြမြသွေး ၉/မနမ(နိုင်)၀၃၉၇၆၇က အမှုတွဲအမှတ် (၂၄၇၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ (အကွက်အမှတ်-၂၈)ဦးပိုင်အမှတ် ၃၅၊ ၄၁x၄၂ ကြား၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မျိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၂၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီအေး ၉/ ခအဇ(နိုင်)၀၃၉၈၉၈ က အမှုတွဲအမှတ်(၂၄၇၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၄-ရပ်ကွက်၊ ပညာလမ်း၊ အိမ်အမှတ်-၁၀၁၄ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(A)၊ တိုက်ကိုမျက်နှာမူလျှင် (ဝဲ)ဘက်ခြမ်း ရေ မီး အစုံအလင်ပါဝင်သော တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခိုင်ခိုင်ကျော်(၈/အလန (နိုင်)၁၁၈၄၂၆)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးသိန်းလှိုင်မြင့်(၁၂/ဥကတ(နိုင်)၁၅၃၄၈၃)နှင့်**
**ဒေါ်ဇင်မာလွင်(၁၂/ဥကတ(နိုင်)၁၆၂၄၈၈) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မေသိင်္ဂီလှိုင်(LL.B)** | **ဒေါ်ဇင်မေဝင်း(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၅၇၃၄/၂၀၁၉ | စဉ်-၃၇၀၄၈/၂၀၁၁ |
| ဖုန်း-၀၉ ၇၉၆၈၃၄၇၃၄ | ဖုန်း-၀၉-၄၂၁၁၀၁၉၀၅ |

အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၂၆၊ ဦးပိုင်အမှတ် ၁၂-ခ၊ လမ်း ၉၀၊ ၃၄ x ၃၅လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်တင်ယယ်ယယ်ထွန်း ၉/မနတ(နိုင်) ၀၀၃၂၁၉၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဂန့်ဂေါ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ဂန့်ဂေါမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အမှိုက်သရိုက်များ၊ ပေါင်းပင်မြက်ပင်များ အား အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းလင်းခြင်း၊ လူနာဆောင်များတွင် သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံရှေ့ မျက်နှာစာတွင် ပန်းအလှပင်များ စိုက်ပျိုးပေးခြင်းနှင့် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းများကို တပ်ဖွဲ့ဝင်၊ စာရေးနှင့် မိသားစုဝင်အင်အား ၈၀ တို့ဖြင့် စုပေါင်းကာ ဆောင်ရွက်ခဲ့ကြသည်။



**မောင်မျိုးမင်း(ပြန်/ဆက်)**

# မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုထောက်ပံ့၍ သဘာဝနှင့်ဓာတ်မြေသြဇာ ရောစပ်ကြဲပက်

**အမရပူရ စက်တင်ဘာ ၂၀**

အမရပူရမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုထောက်ပံ့ပွဲကို တောတွင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ကြပ်အဖွဲ့များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်ဆည်မြောင်း ဦးစီးမှူး၊ တောင်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးလှိုင်က မိုးစပါးပန်းတိုင်ရရှိရေးနှင့် ပတ်သက်သော နည်းပညာများအသိပညာပေးပြောကြားပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေါင်းရွေးကျေးရွာအုပ်စုကွင်း အမှတ် (၅၆၉) မိုးစပါးရောမင်းစံပြကွက် ၁၅ ဧကအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ်ကြဲပက်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးနှင့် ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။



**လွဲ့လွဲ့ခိုင်(အမရပူရ)**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၀-၉-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မြင်းမူမြို့ | ၃၈ ဒသမ ၀ | ၁၀၀ ဒသမ ၄ |
| ၂။ | မြစ်ကြီးနားမြို့ | ၃၆ ဒသမ ၈ | ၉၈ ဒသမ ၂ |
| ၃။ | စစ်ကိုင်းမြို့ | ၃၆ ဒသမ ၆ | ၉၇ ဒသမ ၉ |
| ၄။ | ရေဦးမြို့ | ၃၆ ဒသမ ၅ | ၉၇ ဒသမ ၇ |
| ၅။ | မြင်းခြံမြို့ | ၃၆ ဒသမ ၂ | ၉၇ ဒသမ ၂ |


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆-ရပ်ကွက်၊ အင်း၀(၃)လမ်း၊ အိမ်အမှတ်-၂၄၄ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း) တိုက်ကိုမျက်နှာမူလျှင် (ယာ)ဘက်ခြမ်း၊ ရေ မီး အစုံအလင်ပါဝင်သော တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးလွှမ်းဝေသက်(၁၂/ရပသ(နိုင်)၀၅၃၉၀၈)နှင့် ဒေါ်ကေခိုင်ဇင်မြင့်(၁၂/ဒဂဆ(နိုင်)၀၀၃၀၂၇)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **ဒေါ်နှင်းဦးခိုင်(ခ)နှင်းသွယ်သွယ်ဦး(၁၂/ဥကတ(နိုင်)၁၃၇၈၁၅)၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မေသိင်္ဂီလှိုင်(LLB)** | **ဒေါ်ဇင်မေဝင်း(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၅၇၃၄/၂၀၁၉ | စဉ်-၃၇၀၄၈/၂၀၁၁ |
| ဖုန်း-၀၉ ၇၉၆၈၃၄၇၃၄ | ဖုန်း-၀၉-၄၂၁၁၀၁၉၀၅ |

အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၄၉၂-င၊ ဦးပိုင်အမှတ် ၁၈+၁၉-က၊ ၅၂A လမ်း၊ ၂၅x၂၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတီလူရမ်း ၅/ကလထ(နိုင်) ၀၆၉၉၇၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖြိုးသူဝင်း ၈/ပဖန(နိုင်)၁၁၉၁၁၆က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) သရက်တောကျောင်း၊ Grade 12 မှ မောင်နိုင်ဝေယံ၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းခိုင် ၁၄ / ဝခမ(နိုင်)၁၂၉၃၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၊ အထကကျောင်း G-11 တွင် ပညာသင်ကြားနေသော မဖြူသွယ်လင်း၏ ဖခင်အမည်မှန်မှာ ဦးယဉ်ငွေး ၁၄/ဒဒရ(နိုင်) ၀၉၇၆၉၁ ဖြစ်ပါကြောင်း။ **ဦးယဉ်ငွေး ၁၄/ဒဒရ(နိုင်) ၀၉၇၆၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/30696 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးနိုင် ၉/မခန(နိုင်)၁၆၇၆၄၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/5946, Bajaj-200(200CC), 3Wheel vehicle (Passenger) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဦး ၉/ခမစ(နိုင်) ၀၅၀၅၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) ကျုန်းမာကုန်းကျောင်း၊ Grade 12 မှ မဇင်လင်းလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ညိမ်း ၁၄/ဝခမ(နိုင်)၃၃၂၉၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) ထန်းလေးပင်ကျောင်း၊ Grade-8 မှ မစုရတီစံ၏ ဖခင်အမည်မှန်မှာ ဦးလားပွဲထူး ၁၄/ဝခမ(နိုင်)၁၈၂၀၄၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/15633, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြမင်း ၅/စကန(နိုင်)၂၁၂၉၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
